# မြန်မာခေတ်ပြိုင်ကဗျာ
# လျှပ်တစ်ပြက် ရုပ်ပုံလွှာ

အေဒီ ၂၀၀၃

မြန်မာအီးဘုခ် အယ်ဒီတာအဖွဲ့
စီစဉ်သည်။

မြန်မာ အီးဘုခ် ၂
၂၀၀၃၊ နိုဝင်ဘာ ၁၂
[မြန်မာစာပေလောက၏ အကျိုးငှာ အင်တာနက်စာအုပ်ဆိုင်တွင် အခမဲ့
တင်သော စာအုပ် ဖြစ်ပါတယ်။]

**သရုပ်ဖော်ပုံများ**
ဒဂုန်တာရာ ပုံတူ (ဘငွေးကြည် စာ ၁) မင်းထက်မောင် ပုံတူ (ဖေစိုးအောင်
စာ၁၉ ) သစ္စာနီ ပုံတူ (ဖေစိုးအောင် စာ ၄၃ )

ဤစာအုပ်ပါ စာများ၊ ကဗျာများ၊ သရုပ်ဖော်ပုံများကို စီးပွားရေးသဘောအရ
အသုံးပြုလိုပါက မူရင်း စာပေအနုပညာရှင်များထံ တိုက်ရိုက်ဆက်သွယ် ခွင့်တောင်းပါရန်

## စီစဉ်သူ့အမှာ

ဖော်အဲဗား စပေ့စ်ဒေ့ါကွမ်းရဲ့ အွန်လိုင်း သတင်းစာစောင် စာမျက်နှာများပေါ် မှာ မြန်မာခေတ်ပြိုင်ကဗျာကို အထူးပြုတဲ့ စာမျက်နှာ တင်ဆက်ဖို့ စီစဉ်ရာမှာ မြန်မာ အီးဘုတ် စာဖတ်သူများနဲ့ ကဗျာချစ်သူ စာဖတ်ပရိသတ်အတွက် အီးဘုတ်စာအုပ်ငယ် တစ်အုပ် သီးသန့်စီစဉ် တင်ဆက် ပေးခြင်းအားဖြင့် ဝက်ဘ်စာမျက်နှာများရဲ့ အကန့်အသတ်ကို ကျော်လွှားပြီး မြန်မာကဗျာဖတ်သူများနဲ့ လေ့လာသူများ အားပါးတရ ဖတ်စရာ ဖြည့်ဆည်းပေးနိုင်ဖို့ ရည်ရွယ်ကာ ဒီစာအုပ်ကို မူရင်း ဒစ်ဂျစ်တယ်စာအုပ်အနေနဲ့ ထုတ်ဝေလိုက်ပါတယ်။

ရွေးချယ်ဖော်ပြတဲ့ ကဗျာတွေကို မဂ္ဂဇင်းတွေကသာ ကောက်နုတ်ယူထားခဲ့တာ ဖြစ်တဲ့အတွက် တစ်နည်းတစ်လမ်းအားဖြင့် ၂၀၀၃ ခုနှစ် မြန်မာခေတ်ပြိုင်ကဗျာကို ထောင့်စုံ ဖက်စုံက နောက်ခံကားအပြည့်နဲ့ ခင်းကျင်းမပြနိုင်သော်ငြား လျှပ်တစ်ပြက် ရုပ်ပုံကိုတော့ ထင်ဟပ်နိုင်မယ်လို့ စီစဉ်သူများအနေနဲ့ မျှော်လင့်ပါတယ်။

မြန်မာစာအုပ်လောကနဲ့ စာဖတ်သူများအတွက် သဲတစ်ပွင့်မျှဖြစ်စေ ဖြည့်ဆည်းပါဝင်လိုတဲ့ဆန္ဒနဲ့ အခု အီးဘုတ်ကို စီစဉ်ရခြင်းပါ။ အခြေအနေ အခွင့်အလမ်းပေါ် မူတည်ပြီး မြန်မာအီးဘုတ်စာဖတ်သူများအတွက် ဆက်လက် ကြိုးပမ်းသွားမှာ ဖြစ်ပြီး ဝေဖန်အကြံပြုချက်များကို ပေးပို့ပါရန် ဖိတ်ခေါ် ပါတယ်။

**မြန်မာအီးဘုတ် အယ်ဒီတာအဖွဲ့**

## ကျေးဇူးတင်လွှာ

'ခေတ်ပြိုင်ကဗျာ ... ' မှာ ပါဝင်တဲ့ ဆောင်းပါး၊ ကဗျာများကို ရေးသားခဲ့သူ စာရေးဆရာ၊ ကဗျာဆရာများ၊ စာရေးဆရာများရဲ့ စကာက်ချ်များ ရေးဆွဲသူ ပန်းချီဆရာများ၊ မူလဖော်ပြခဲ့ရာ မဂ္ဂဇင်းများကိုလည်းကောင်း၊ မြန်မာအီးဘုခ်အယ်ဒီတာအဖွဲ့နဲ့ အတူ စာအုပ်ဖြစ်မြောက်ရေးအတွက် အတိုင်ပင်ခံ အယ်ဒီတာအဖွဲ့ သဖွယ် ဝိုင်းဝန်းကူညီပံ့ပိုးပေးသော (ဆရာ) အောင်ဝေး၊ (ဆရာ) မင်းထက်မောင်နဲ့ (ဆရာ) စန်းဦးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါတယ်။


# မာတိကာ

ကဗျာဆရာ၏ ရိုးဖြောင့်မှု ♦ ဒဂုန်တာရာ ၃
အောင်ချိမ့်၏ အမှာ ♦ အောင်ချိမ့် ၈
ယနေ့ခေတ်ပေါ်ကဗျာအပေါ် အမြင် ♦ မြသန်းတင့် ၁၃
မင်းထက်မောင်ရဲ့ မဲခေါင် ငါလာတယ် မင်းဆီကို ♦
အောင်ဝေး ၂၁
ဗဟုကဗျာရေစီး နှင့် မော်ဒန်ဝဲ ♦ သစ္စာနီ ၄၅

၂၀၀၃ခေတ်ပြိုင် ကဗျာ ၄၉
ကဗျာအမည်၊ ကဗျာဆရာအမည်နဲ့ ဖော်ပြပါရှိ
မဂ္ဂဇင်းအမည်စာရင်း ၅၀
ညနေခင်းမှိုင်းမှောင် ♦ မောင်သင်းခိုင် ၅၁
အမေ့လင်းယုန် ♦ မိုယ်းဇော် ၅၂
စုထားတဲ့ရှုခင်း ♦ ဝေမှူးသွင် ၅၅
ပျင်းရိသူ(၂) ♦ နေမျိုး ၅၆
သဘာဝသမိုင်းပြတိုက်မှူး ♦ ဇေယျာလင်း ၅၇
ပြည် ♦ ချမ်းငြိမ်းအေး ၆၀
ရာသီလွန်မိုးတိမ် ♦ လင်းဝေးခင် ၆၁
ငါ့ညများ ♦ ခရမ်းပြာထက်လူ ၆၃
မိသားစု ♦ စိုင်းဝင်းမြင့် ၆၄
တြိ ♦ မောင်နီဦး ၆၆
မြစ် ♦ ထွန်းဝေမြင့် ၆၇
တောလမ်းလေးအတိုင်း ♦ ဝင်းမောင် ၆၈

လမ်း ၃၀ ထိပ်က ခရမ်းသို့ ♦ ခိုင်မြဲကျော်စွာ ၆၉
ဆပ်ကပ် ♦အဲချို ၇၁
ဆပ်ကပ်သမား ♦ ရိုးသက် ၇၂
ဝိညာဉ်မဲ့သော . . . ♦ အေးဘကျော် ၇၃
ရောင်စုံဘောလ်ပင် ♦ ကိုရွှေ ၇၄
မင်းသတိထား ♦ ထီလာစစ်သူ ၇၅
ယဇ်ပူဇော်ပွဲ ♦ ဒဂုန်တာရာ ၇၆
အမြဲစိမ်းတေး ♦ မောင်ဆေးရိုး ၇၇
ကျာပွတ်သီချင်း ♦ နိုင်မွန်အောင်သွင် ၇၈
တရား (၁) ♦ ဟင်နရီမိုး ၇၉
ကဘူးလ်မြို့တော်ပေါ်က တေးသံ ♦ အောင်ဆု ၈၁
ပရိဘောဂများ ♦ မြင့်မိုးအောင် ၈၃
မျက်ရည်လွယ်တဲ့အရောင် ♦ ဟိန်းမြတ်ဇော် ၈၆
ညီအစ်ကိုများ ♦ ဝိုင်ချို ၈၈
မြစ်ယောင်ယောင် ♦ စန်းဦး ၉၀
မြို့ရိုင်းရဲ့ခေါင်း ♦ ဖြူမွန် ၉၂
သေနတ်သမား ♦ တိုးနှောင်မိုး ၉၃
မီးကွင်း ♦ မျိုးမင်းငြိမ်း ၉၄
မုဆိုးမရဲ့စက်ဘီး ♦ သင်းရည်လွင် ၉၅
ဘုရားကြီး ♦ ဆွေငြိမ်းသော် ၉၇
ကျီးကန်း ♦ မောင်ဖီလာ ၉၈
မိုး ♦ မြင့်ဦးဦးမြင့် ၉၉
မိုး ♦ မင်းထက်မောင် ၁၀၀
မှော်သစ်ပင် ♦ မောင်နီမွန် ၁၀၁
ပန်းချီ ♦ မိုးဝေး ၁၀၂
အိမ်ကွင်း ♦ အောင်ခိုင်မြတ် ၁၀၃
ပျင်းစရာကောင်းတဲ့နေ့က ငှက်တစ်ကောင်အကြောင်း ♦
ဇော်ထိန် ၁၀၄
မီးအကြွင်း ♦ ကြည်ဇော်အေး ၁၀၅

မူဆယ်မြို့ ♦ ပြေမြင့် ၁၀၆
နာနာဘာ၀စာအုပ် ♦ ခင်အောင်အေး ၁၀၇
ဘုရားသခင်နဲ့ကပွဲ ♦ ပိုင် ၁၀၈
အတိဿယဝုတ္တိ အတ္ထုပ္ပတ္တိ ♦ စိုးမြင့်သိန်း ၁၀၉
ဘဂ္ဂဒက်သားကဗျာဆရာ ♦ နွယ်စိမ်းဝေ ၁၁၁
ဒိုင်နိုဆောနှင့်တွေ့ဆုံခြင်း ♦ ဝေးခေါင် ၁၁၃
လူလတ်တန်းစားသောကများနှင့် တနင်္ဂနွေနေ့ကို ရင်ဆိုင်ခြင်း ♦
စေတ ၁၁၄
ငါး ♦ ခင်ဇော်မြင့် ၁၁၅
မုဆိုးမရင်ထဲကမြစ် ♦ အောင်နှင်းသစ် ၁၁၆
လွယ်အိတ် ♦ လှိုင်းထက် ၁၁၇
ရိုးရိုး မျဉ်းပါးပါးလေး တစ်ကြောင်း ♦ မောင်လင်းရိပ် ၁၁၈



# ကဗျာဆရာ၏
# ရိုးဖြောင့်မှု

ဒဂုန်တာရာ

# ကဗျာဆရာ၏ ရိုးဖြောင့်မှု

**ဒဂုန်တာရာ**

**(က)**

လွန်ခဲ့သော ၁၀ နှစ်ကျော်လောက်က စ၍ ခေတ်ပေါ် မြန်မာ စာပေလောကတွင် ကဗျာသစ် အားထုတ်မှု တစ်ရပ် လူငယ်များ ဆောင်ရွက်နေကြသည်ကို သတိပြုမိသည်။ ကျွန်တော် စိတ်ဝင်စားမိသည်။ ကဗျာပုံသဏ္ဍာန်သစ် တီထွင်ဆန်းသစ်မှုပြုခြင်းကို ကျွန်တော် အားပေးချင်သည်၊ စိတ်လည်း စိတ်ဝင်စားသည်။ ထို့ ကြောင့် သူတို့၏ အရေးအဖွဲ့များကို တတ်နိုင်သလောက် ဖတ်ရှု လေ့လာခဲ့သည်။ ခံစားမှုတွေ့သော အရေးအဖွဲ့မျိုးကို ရှာကြည့်မိသည်။ တွေ့သည့်အခါ တွေ့သည်။ ယင်းသည် ကျွန်တော် တစ်ယောက်တည်းအတွက် ဖြစ်ပါလိမ့်မည်။ ခံစားသူတို့လည်း ခံစားကြပါလိမ့်မည်။ ကြိုက်သူတို့လည်း ကြိုက်ပါလိမ့်မည်။ ထို့ကြောင့်ပင် မဂ္ဂဇင်းတိုင်းတွင် ယင်းသို့သော အရေးအဖွဲ့ ကဗျာအမျိုးအစားများကို ထင်ရှားစွာ တွေ့နိုင်ခြင်းဖြစ်သည်။

ကျွန်တော်စိတ်ဝင်စား၍ ဖတ်ကြည့်သောအခါ နူပျို့ပွင့်သစ်စ လူငယ်တို့ သည် ယင်းအရေးအဖွဲ့မျိုးကို ရေးသားနေသည်ကို တွေ့ရသည်။ ကျွန်တော်က အယ်ဒီတာတစ်ဦးကို မေးကြည့်သည်။ "ခင်ဗျား နားလည်သလား၊ ခင်ဗျား နားလည်လို့ ထည့်သလား"ဟု မေးသည်။ သူက ပြောသည်။ "နားတော့မလည်ဘူး၊ ဒါပေမဲ့လို့ ထည့်ရတယ်၊ စာဖတ် ပရိသတ် ရှိတယ် ထင်တယ်။"

ယနေ့ခေတ်သည် စာဖတ်ပရိသတ်ရှိမှသာလျှင် ရပ်တည်နိုင်မည် မဟုတ်ပါလား။

ထိုအယ်ဒီတာသည် ရိုးသားသည်၊ အခြားအယ်ဒီတာများကိုတော့ ကျွန်တော် မမေး၊ ကိစ္စမရှိ။ ခေတ်ဆိုသည်က အမျိုးမျိုးရှိသည် မဟုတ်ပါလား။ သည်တော့ ကျွန်တော်က ကဗျာလှုပ်ရှားမှုက ရှိနေသည်ဟု နားလည်လိုက်သည်၊ မည်သည့်ဘက်သို့ ဦးတည်သွားနေကြသလဲ၊ ကျွန်တော် စိတ်ဝင်စားသည်။ သူတို့သည် ကဗျာသစ်ကို စိတ်ဝင်စားသည်ကို တွေ့ရသဖြင့် ကျေနပ်မိသည်။ သို့သော် ဘယ်ကလောက် တီထွင်ဆန်းသစ်ကြသလဲ၊ ကျွန်တော်စိတ်ဝင်စားသော မေးခွန်းဖြစ်သည်။ ကျွန်တော်က တစ်စုံတစ်ရာ အသစ်ဆီသို့ ဦးတည်နေသော လှုပ်ရှားမှုက မှန်သည်၊ လှုပ်ရှားနေဆဲဟု ကျွန်တော်နားလည်လိုက်သည်။ ကူးခပ်နေကြသည်၊ သို့သော် ကမ်းစပ်သို့ ရောက်ပြီလား၊ ကျွန်တော် အမြင်က တော့ မရောက်သေး၊ ကူးခပ်နေဆဲ၊ လှုပ်ရှားနေဆဲဟု ယူဆသည်။

သဘောတူသူလည်း ရှိမည်၊ မတူသူလည်း ရှိမည်။ ယင်းကာလကို ကျွန်တော်က ကြားကာလဟု ယူဆသည်။ အချို့ကတော့ ကမ်းစပ်ရောက်ပြီဟု ပြောသံကြားရသည်။ ကျွန်တော် သိပ်သဘောမတူချင်၊ ကိစ္စမရှိ။ ကျွန်တော် တစ်ယောက်တည်း သဘောမျှသာ ဖြစ်၍ တခြားသူတို့နှင့် သဘောချင်း တူချင်မှ တူမည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ပုတီးကုန်း ကိုစိန်ဝင်း၊ ကိုအောင်ဝေးတို့နှင့် ဆုံကြစဉ် ကိုစိန်ဝင်းက ယနေ့ မော်ဒန်ကဗျာနှင့် ပတ်သက်ပြီးမေးသည်။ တချို့ကို ကျွန်တော် နားလည်သည်။ ကဗျာသည် စကားပြေသို့ လျှောကျမသွားသင့်ဟု ဖြေလိုက်သည်။ အရိန္ဒမ္မာ မဂ္ဂဇင်းတွင် ဖော်ပြသည်။

ယင်းစကားရပ်ကို အဓိပ္ပာယ်ကောက်သူအချို့က ကျွန်တော်မော်ဒန် (သူတို့ အခေါ်) ယခုတော့ ခေတ်ပေါ်ဟု ပြောင်းခေါ်သူကခေါ်ကြပြီ၊ မော်ဒန်ကို ဆန့်ကျင်သည်ဟု ကွယ်ရာတွင် ပြောသည်ဟုသိရသည်။ ကိစ္စမရှိ ကျွန်တော် ကတော့ သူတို့သည် ယနေ့တိုင်ပင် ဆန်းသစ်ဖန်တီးမှုကို ရှာဖွေနေကြဆဲဟု ယူဆမိသည်။ ပြောင်းလဲနေဆဲကာလဟု သတ်မှတ်ထားသည်။

## (ခ)

မနှစ်က ကဗျာစာအုပ်တစ်အုပ်၏ အမှာတွင် ကိုအောင်ချိမ့်က သူ၏ ခေတ်ပေါ်ကဗျာနှင့် ပတ်သက်၍ သူ၏ အတွေ့အကြုံမှရရှိသော အယူအဆကို ဖော်ပြလိုက်သည်။ ကျွန်တော် ဝမ်းသာသွားသည်။ ကျေနပ်သွားသည်။ ကျွန်တော် ဆယ်နှစ်ကျော်ကတည်းက သိချင်နေသော အဖြေကို သူက ရိုးဖြောင့်စွာ ဖြေကြားလိုက်သည်။ ထို့ကြောင့် ကျေနပ်ခြင်းဖြစ်ရသည်။

ကျွန်တော် သူတို့ကို ပြောသည်မှာ ကြာပြီ။ ခင်ဗျားတို့ အတွေ့အကြုံကို ရေးကြဟု ပြောသည်။ သို့သော် သူတို့မရေးကြ။ ယခု ရေးဖော်ရ၍ ကဗျာ လေ့လာရေးနှင့်ပတ်သက်၍ အရေးကြီးသော ရိုးဖြောင့်သော စကားရပ်ကို ကြားရပေပြီ။ ကျွန်တော် ယခုမော်ဒန်ဟုခေါ်သော ကဗျာရေးဖွဲ့သူများနှင့် တွေ့ချင်သည်မှာ ကြာပြီ။ သို့သော် လူတိုင်းကို မေးရန် မသင့်ဟု ကျွန်တော် ရွံ့နေမိသည်။သူတို့၏အလုပ်ကို စစ်ဆေးသည့်သဘောသက်ရောက်မှာစိုး၍ ဖြစ်သည်။ တတ်နိုင်သမျှ စူးစမ်းကြည့်ရသည်။ သို့သော် တချို့အဖြေကို မကျေနပ်။ သူတို့ ရင်ထဲမှာရှိတာ မပြောဟု တွေးကြည့်နေသည်။ ကိုအောင်ချိမ့်က " 'ခေတ်ပေါ်ကဗျာ'ဆိုတာ 'ကဗျာဖွဲ့နည်းကျမ်း' မရှိခဲ့ဘဲ နိုင်ငံခြားကဗျာ စာကြောင်းလိုက် အတန်းလိုက် ဘာသာပြန် ကဗျာပုံသဏ္ဍာန်ကို ခံတွင်းတွေ့ခဲ့ရာမှ (၁၀)နှစ်စီ လူငယ်များ တစ်ဦး ကဗျာ တစ်ဦးလှမ်းကြည့်ကာ အလွတ်သဘော စာပေအနုပညာဝိုင်းများမှာ ဖလှယ်နှီးနှောကြကာ ကမ္ဘာပေါ်က လွတ်လပ်တဲ့ အနုပညာလှုပ်ရှားတင်ဆက်မှုများကို အမြင်အကြားဖြင့် မှီးယူအတုခိုးကာ ရေးသားရှင်သန်တဲ့ အနုပညာဖြစ်ပါတယ်။" ဟု ဖော်ပြသည်။

သူ၏ ကဗျာအယူအဆများကို ရိုးဖြောင့်စွာ ဖော်ပြသည်။ ကိုအောင်ချိမ့်ကို ကိုးကားခြင်းမှာ အခြားကြောင့်မဟုတ်။ သူတို့သည် ယနေ့ခေတ် မော်ဒန်၊ ယခု ခေတ်ပေါ်ဟု သုံးနေသော ကဗျာအမျိုးအစားကို စတင်ရေးဖွဲ့ရာမှာ ထင်ရှားသူ တစ်ယောက်၏ ရိုးဖြောင့်သော ဖော်ပြချက်လည်းဖြစ်၍ ကိုးကားခြင်းဖြစ်သည်။ ခေတ်ပေါ်ဟု သုံးနှုန်းသော စကားရပ်မှာ ယနေ့ သူတို့ခေတ်ပြိုင်ရေးဖွဲ့သော ကဗျာများကို

ဆိုလိုခြင်းဖြစ်သည်ဟု ကျွန်တော် နားလည်လိုက်သည်။ သို့သော် ခေတ်ပေါ်နှင့်ပတ်သက်၍ ကျွန်တော်၏အကဲဖြတ်ချက်နှင့် ထပ်တူဖြစ်-မဖြစ်ကို ကျွန်တော်မေး မကြည့်ဖြစ်။ ကျွန်တော်က ၂၀ ရာစုနှစ်အစ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကဗျာမှစ၍ ခေတ်ပေါ်ကဗျာ စတင်မွေးဖွားလာသည်ဟု အကဲဖြတ်သူ ဖြစ်သည်။

ကဗျာဖွဲ့နည်းကျမ်းမရှိခဲ့ဘဲ ဟူ၍ပြောခြင်းမှာ ရိုးဖြောင့်စွာ ပြောခြင်းဖြစ်သည်။ ကျွန်တော်နှင့် သဘောချင်းတူသည်။ ကမ်းစပ်မှမရောက်သေးဘဲ ဘယ်နှယ်ရေကူးနည်းကို ပြောနိုင်မှာလဲ၊ ကမ်းစပ်ရောက်ပြီဆိုလျှင်တော့ မည်သို့ မည်ပုံ ကမ်းစပ်ရောက်ရသည်ကို ပြောပြနိုင်မည်။ ယင်း အတွေ့အကြုံ ပြောပြချက်သည် ခေတ်ပေါ်ကဗျာ၏ ဥပဒေ၊ ကဗျူပဒေသဟု ဆိုနိုင်သည်။ ယင်းသည် သဘာဝကျသည်။ ဥပဒေဆိုသည်မှာ တစ်ယောက်တည်းအတွက် မဟုတ်၊ အားလုံး အတွက်ဖြစ်သည်၊ ယင်းသည် အတတ်ပညာ။ ယင်းနည်းနာဖြင့် ကဗျာတစ်ပုဒ် ပြီးမြောက်အောင် ဘယ်လိုရေးဖွဲ့သလဲ၊ ခံစားသလဲ၊ မွေးမြူသလဲ၊ ကဗျာရနံ့ရှိလျှင် အနုပညာဟု ခေါ်ရပေမည်။

ဥပဒေဆိုသည်မှာ တန်းတူညီမျှ သဘောသက်ရောက်ရပေမည်။ သို့သော် ဥပဒေတွင် ခြွင်းချက်တော့ ရှိတတ်သည်။ ခြွင်းချက်သည် ဥပဒေဖြစ်ကြောင်း သက်သေခံခြင်းဖြစ်သည်ဟု ပညာရှင်တစ်ဦး၏ အဆိုအမိန့်လည်း ရှိခဲ့ဖူးသည်။ ခြွင်းချက်ဆိုသည်ကတော့ တစ်သောင်းမှာ တစ်ခု၊ တစ်သန်းမှာတစ်ခု၊ ခြွင်းချက် ရှိလာလျှင် ဥပဒေအသစ်ကို ပြန်လည် ပြင်ဆင် ပြုစုရပေသည်။

ကိုအောင်ချိမ့်တင်ပြချက်တွင် နိုင်ငံခြားမှ ဘာသာပြန်ကဗျာများကို အတု ယူ၍ရေးဖွဲ့သည်ဟု ရိုးဖြောင့်စွာ တင်ပြချက်ကို ကျေနပ်သွားသည်။ တစ်ခုပဲ ရှိသည်။ သူက ဘာသာပြန်ကဗျာဟု ရေးသည်။ ကျွန်တော်ကတော့ ဘာသာပြန် ကဗျာဟု မရေး၊ ကဗျာဘာသာပြန်ဟု နားလည်သည်၊ ကိစ္စမရှိ။ နိုင်ငံခြားကဗျာ လှုပ်ရှားမှုများကို အားကျကာ ရေးဖွဲ့သည့် အဓိပ္ပာယ်ဟု ကျွန်တော် နားလည်သည်။ ဤသည်ကား ဘာသာပြန်ကဗျာ မဟုတ်ဘဲ၊ တိုက်ရိုက်ဘာသာပြန်၊ အင်္ဂလိပ်ဘာသာဖြင့် (သို့မဟုတ်) မူရင်း ဘာသာဖြင့်

ရေးဖွဲ့သော ကဗျာများကို ဖတ်ပြီးလျှင် သူတို့ မည်သို့ ရေးမည်နည်းဟုလည်း ဆက်လက်၍ စဉ်းစားမိသေး သည်။

ခေတ်စမ်းကဗျာသည် အနောက်နိုင်ငံကဗျာများကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်၍ ဒေါင်လိုက်စီသည်။ ကဗျာရုပ်ပုံသဏ္ဌာန်ကို ကျွန်တော်တို့ အစဉ်အလာအားဖြင့် ဆက်ခံခဲ့ကြသည်။ ဂန္ထဝင်ခေတ်ကမူ ကဗျာလင်္ကာများကို ပေ၊ ပုရပိုက်တွင် အလျားလိုက်သာလျှင် စီတတ်ကြသည်။ ယင်းဂန္ထဝင်သဏ္ဌာန် ဖြင့်တော့ ရုပ်ပုံအားဖြင့် ခြားနားသွားပြီဟု ဆိုနိုင်သည်။

## (ဂ)

ကိုအောင်ချိမ့်သည် ကျွန်တော်တို့က ပထမမျိုးဆက်ဆိုလျှင် သူက တတိယမျိုးဆက် ဖြစ်မည်။ မော်ဒန်ကဗျာများကို ဖတ်ပေးနေသော ဆယ်ကျော်သက်အရွယ် ကလေးမလေးတစ်ယောက်ကို ကျွန်တော်က "သမီး ပွင့်ပွင့်လင်းလင်း ပြော အဘိုး သိချင်လို့"ဟု မေးသည်။ သူမက "(တစ်) နားမလည်၊ (နှစ်) စနစ်မရှိ၊ (သုံး) လူတိုင်းရေးနိုင်သည်"ဟု ပြောသည်။ ပြောသူက စတုတ္ထမျိုးဆက် သူမ၏ထင်မြင်ချက်ကို ဘာသာပြန်ရမည် ဆိုလျှင် ခေတ်ပြိုင်ကဗျာ (သို့မဟုတ်) မော်ဒန်ကဗျာသည် စပ်နည်း မရှိသေး။ လွယ်ကူသော ပုံသဏ္ဌာန် ဖြစ်၍ လူတိုင်းရေးနိုင်သည်၊ နားမလည် ဟူ၍ ဖြစ်သည်။ နားလည်ခြင်း မလည်ခြင်းကတော့ တစ်ဦးနှင့်တစ်ဦး တူချင်မှတူမည်။ စဉ်းစားစရာအဖြစ် ကျွန်တော် ကိုးကားလိုက်ခြင်း ဖြစ်သည်။ ကျွန်တော်ကတော့ ယခင်အတိုင်းပင် တချို့ နားမလည်ဟုသာ ပြောချင်သည်။

ကိုအောင်ချိမ့်၏ ကဗျာနှင့်ပတ်သတ်သော သူ၏ဖော်ပြချက်သည် ခေတ်ပေါ်ကဗျာ ဆန်းသစ်မှုအတွက် စဉ်းစားစရာပင် ဖြစ်သည်ဟု ကျွန်တော် တန်ဖိုးထားသည်။ ကဗျာသစ်က ကာရန်၏နေရာတွင် သီကုံးဆင်ယင်မှု ကိရိယာသစ်တစ်ခု ဆန်းသစ်နေပြီလော ဟူသောမေးခွန်းကို မဖြေနိုင်သေးသော ကျွန်တော်သည် ခေတ်ပေါ်ကဗျာသစ်ကို မျှော်လင့်စောင့်စားလျက်၊ နားမလည်စရာတွေ အများကြီးရှိနေသေးသော ကျွန်တော်က ကဗျာရမွက်ဖြင့်။

"ကဗျာသစ်အရေးတော်ပုံ အောင်ပါစေ။"

**ဒဂုန်တာရာ**

# အောင်ချိမ့်၏ အမှာ

[မောင်ပြည့်မင်း၊ ခင်အောင်အေးရဲ့ လူနှစ်ယောက်နဲ့ကဗျာ (၂၀၀၀)မှ အမှာ]

(၁)

အရင်သီချင်းတွေကို မဆိုချင်တဲ့ ရှေ့ခ်အဆိုတော်များလိုပဲ ဒီကဗျာစာအုပ်ရဲ့ ကဗျာဆရာနှစ်ယောက်ဟာလဲ အရင်ကဗျာပုံသဏ္ဍာန် ကိရိယာနဲ့ မရေးချင်တော့တဲ့ ကဗျာဆရာများ ဖြစ်ပါတယ်။ ဒီတိုင်းပြည်မှာ 'ခေတ်ပေါ်ကဗျာ'ဆိုတာ 'ကဗျာဖွဲ့နည်းကျမ်း' မရှိခဲ့ဘဲ နိုင်ငံခြားကဗျာ စာကြောင်းလိုက် အတန်းလိုက် ဘာသာပြန် ကဗျာပုံသဏ္ဍာန်ကို ခံတွင်းတွေ့ခဲ့ရာမှ (၁၀)နှစ်စီလူငယ်များ တစ်ဦး ကဗျာ တစ်ဦးလှမ်းကြည့်ကာ အလွတ်သဘော စာပေအနုပညာဝိုင်း များမှာ ဖလှယ်နှီးနှောကြကာ ကမ္ဘာပေါ်က လွတ်လပ်တဲ့ အနုပညာ လှုပ်ရှား တင်ဆက်မှုများကို အမြင်အကြားဖြင့် မှီးယူအတုခိုးကာ ရေးသားရှင်သန်တဲ့ အနုပညာဖြစ်ပါတယ်။

(၂)

စိုက်ထိုးထားတဲ့ အလံတိုင်များကို ကျော်ဖြတ်ပြီး ကဗျာစာအုပ်များ ဒီနှစ်ကာလများမှာ အစီအရီ ဖူးပွင့်လာပါတယ်။ ကဗျာနဲ့ ကဗျာစာအုပ်များရဲ့ ခက်ခဲမှုဟာ ကဗျာဆရာများကို တွန့်ဆုတ်မသွားစေပါဘူး။

ခေတ်ပေါ်ကဗျာဟာ ပိုမိုခက်ခဲပေမယ့် ပိုမိုဖူးပွင့် လာတာဟာ သမိုင်းတစ်ခုဖြစ်ပါတယ်။ ခေတ်ပေါ်ကဗျာဟာ လူငယ်တို့ရဲ့ ဘာသာစကားလည်း ဖြစ်ခဲ့ပါတယ်။ လူငယ်တွေ ရှေ့တိုးကြဦးမှာပါ။ ပိုကောင်းပိုပီသလာဦးမှာပါ။ ကျွန်တော်တို့ဆီမှာ ဒီကဗျာအမျိုးအစားဟာ အနှစ်သုံးဆယ်တိုင်ခဲ့ပြီး ဆူညံခြင်းမှငြိမ်သက်ရာအထိ လူနာမည်ရေးတဲ့အခါ အမှတ်စဉ် ဘယ်လောက်ရှိမယ်ဆိုတာ ကျွန်တော် မသိနိုင်ပါဘူး။ အဲဒီအထဲမှာ **မောင်ပြည့်မင်း**နဲ့ **ခင်အောင်အေး** ပါမလား ကျွန်တော် မသိနိုင်ပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် မသိနိုင်ပါဘူး။

(၃)

ကျွန်တော် သဘောကောင်းတဲ့နေ့က အမှာစာ ရေးပေးဖို့ ကျွန်တော် သဘောတူလိုက်ပါတယ်။ ကျွန်တော် သူတို့စာအုပ်မှာ ပူးပေါင်းပါဝင်ခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခေတ်ပေါ် ကဗျာကိုဖတ်ရင် ကဗျာရဲ့အတွင်းသားကို ထိခိုက်တဲ့အထိ ပူးကပ်ဖို့ လိုအပ်တဲ့အခါ လိုအပ်လို့ပါပဲ။ ရေးသူရော ဖတ်သူပါ နားလည်ရ ခက်ဟန်မဆောင်ဖို့ဘဲ လိုအပ်ပါတယ်။ ခေတ်ပေါ်ကဗျာရဲ့ ရွေ့လျားရာကိုလဲ  သိထားဖို့လိုအပ်ပါတယ်။

အဲဒီအခါ . . .

စကားလုံးတွေ အဖတ်လိုက် အဖတ်လိုက်ကွာကျတာတွေ ကျော်ခိုင်းပြီး ကျားလိုနောက်ကျွမ်းပစ်ပြန်ထွက်သွားတာတွေ 'တယ်သေဖို့ ဘာလောနေကြသလဲဒင်းတို့' ဆိုတာတွေ၊ ဇွန်လ (၄)ရက်နေ့ ညနေစောင်းမှာ မြေချစ်သူကို သတိရတာတွေ . . .

(၄)

နှစ် ၂၀၀၀ ပြည့်ကမ္ဘာထဲကို ကဗျာစာအုပ်တစ်အုပ် သူတို့နှစ်ယောက် တင်သွင်းနိုင်ခဲ့ကြလို့ အခုမိတ်ဆွေ ဖတ်နိုင်ပါပြီ။

(၅)

၁၉၉၈ မှာ 'တောလား'။ ၁၉၉၉ မှာ 'ပြဇာတ်မင်းသား'။ ကဗျာစာအုပ်နှစ်အုပ် ကျွန်တော် ရေးဖြစ်ခဲ့တော့ 'ငါဖြင့် ဒီနှစ်နှစ်မှာ လူ့ဘဝ လူ့လောကအတွက် တာဝန်ကျေခဲ့ရဲ့'လို့ ယုံကြည်ခဲ့တာကို မှတ်မိနေပါတယ်။

**ခေတ်ပေါ်ကဗျာဆရာတစ်ယောက် ကဗျာရေးခြင်းအမှုပြုတာဟာ ကမ္ဘာမှာ မရှိသေးတဲ့အရာကို ရှာဖွေခြင်းပြုတာပဲဖြစ်ပါတယ်**။ အဲဒါကို ဒီစာအုပ်မှာ ကျွန်တော် စကားစပ်ပြီး မှားမှာကိုမကြောက်ဘဲ ပြောပြလိုက်ပါရဲ့။

လေးစားစွာဖြင့်

**အောင်ချိမ့်**

၂၈-၇-၂၀၀၀

# ယနေ့ ခေတ်ပေါ်ကဗျာအပေါ် အမြင်

## မြသန်းတင့်

[ပျဉ်းမနား ပေါင်းလောင်းချောင်း စာပေဆွေးနွေးပွဲတွင် ယနေ့ ခေတ်ပေါ်ကဗျာများနှင့် ပတ်သက်၍ ကွယ်လွန်သူ စာရေးဆရာ မြသန်းတင့်၏ ဆွေးနွေးချက် ဖြစ်ပါသည်။ အဆိုပါ ဆွေးနွေးချက်ကို စာရေးဆရာ နေဝင်းမြင့်က အသံသွင်း ကြိုးခွေဖြင့် ကူးယူထားပြီး ၁၉၉၉ခုနှစ်၊ မေလထုတ် ကလျာမဂ္ဂဇင်းတွင် ***ပင်လယ်နှင့် စကားပြောတဲ့မှန်*** ဝတ္ထုထဲတွင် ဖော်ပြခဲ့သည်ကို ကောက်နုတ် ဖော်ပြခြင်း ဖြစ်ပါသည်။]

# ယနေ့ခေတ်ပေါ်ကဗျာအပေါ် အမြင်

## မြသန်းတင့်

ကျွန်တော်တို့လဲ ဆွေးနွေးပါရစေ။

ခုခေတ် လူငယ်တွေဟာ အတွေးကောင်းတယ်၊ စူးစူးရှရှ နက်နက်ရှိုင်းရှိုင်း ထက်ထက်မြက်မြက် တွေးနိုင်တယ်။ နည်းနာမှာ တော့ နည်းနည်းလိုအုံးမယ်လို့ ကျွန်တော်ထင်တယ်။ နည်းနာမှာ တော့ သူတို့ ဘာမှစမ်းလို့ မရသေးဘူး။ ကောင်းသွားတာလဲ ရှိတယ်၊ ဘာဖြစ်လို့ ကောင်းသွားတာလဲ။ ဒါလဲ ကျွန်တော်တို့ မပြောနိုင်ဘူး၊ ကြိုက်သွားတာလေးပဲ ရှိတယ်။

ကျွန်တော်လဲ ခေတ်ပေါ်ကဗျာတွေကို ဖတ်တယ်၊ ကြိုက်သွားတဲ့ ကဗျာတွေရှိတယ်။ ဘာကြောင့်ကြိုက်မိတာလဲ ကြည့်တော့ တစ်ချက်က အတွေးကောင်းလို့ ကြိုက်တာ၊ နှစ်က နည်းနာ။ ဒါကျ တော့ ကျွန်တော့်စိတ်ထဲမှာ ကြိုက်တဲ့ဟာ ကြိုက်တယ်၊ မကြိုက်တဲ့ဟာ မကြိုက်ဘူး။ သည်နည်းနာဟာ ဘာလဲ။ ကြိုက်သွားတဲ့ကဗျာမှာ ဘာကိုကြိုက်တာလဲ မပြောနိုင်ဘူး။ တစ်ခါတလေ ဖတ်လို့ကောင်း သွားတယ်။ တစ်ခါတလေကျတော့ ခုနင်ကပြောသလို နိမိတ်ပုံတွေ တွေ့ရတယ်။ ဒါမျိုးကျတော့ ခံစားလို့မရဘူးပေါ့ဗျာ။

နည်းနာမှာကျတော့လည်း လိုတယ်လို့ ကျွန်တော်ထင်တယ်။ အတွေးမှာတော့ ကောင်းပါတယ်။ နည်းနာပြဿနာကတော့ ရုတ်တ ရက် ဆုံးဖြတ်ဖို့လဲ ခက်တယ်။ ခင်ဗျားတို့လည်း ဆုံးဖြတ်ဖို့ ခက်လိမ့် မယ်။ ဘယ်သူမှ မဆုံးဖြတ်နိုင်ဘူး။ တွေ့သွားမှ ဆုံးဖြတ်နိုင်မယ်။

တွေ့သွားတယ် ဆိုတာကလဲ ဒါတော့တွေ့ပြီ၊ သည်လို ချက်ချင်း ကောက်ပြောလို့ ရတာမဟုတ်ပြန်ဘူး။ တဖြည်းဖြည်းနဲ့ သည်တစ်ခု ကိုတော့ဖြင့် အားလုံး လက်ခံတယ်၊ ဘဝင်ကျတယ်ဆိုပါမှ ဒါ established ဖြစ်မယ်။ အဲဒါ ဘယ်ဟာလဲ၊ သည်နည်းနာလိုအပ်မှု ဆိုတာလဲ ဒါသဘာဝကျတယ်။

သို့သော် တစ်ခုတော့ ကျွန်တော့် ရင်ထဲမှာ ရှိတယ်။ ပွင့်ပွင့် လင်းလင်းပဲ ပြောမယ်။ တချို့ လူငယ် ကဗျာဆရာတွေက stunt နည်းနည်းများတယ်။ အသစ်အဆန်း လုပ်ချင်လွန်း အားကြီးနေကြ တယ်။ တစ်ခါတလေကျတော့လဲ အသစ်အဆန်း လုပ်ချင်လွန်းအား ကြီးတော့ အစွန်းရောက်သွားပြီး နားမလည်နိုင်တော့ဘူး။ ကျန်တဲ့လူ တွေလဲ နားမလည်ဘူး။ သူတစ်ယောက်တည်းပဲ နားလည်တယ်။ သည်အခါကျတော့ ကျွန်တော်ကတော့ ကြည်အေးတို့နဲ့ မတူဘူး။ ကဗျာဆိုတာ ကိုယ့်ရင်ထဲက ခံစားချက်ပဲ၊ ဘာပဲ၊ ကိုယ့်ဟာကိုယ် စပ်တယ် စသဖြင့်။ ဒါဆိုရင် ကိုယ်ဟာကိုယ်ပဲ စပ်၊ ကျွန်တော်တို့ လာမဖတ်ခိုင်းနဲ့။ ကျွန်တော် မဖတ်ဘူး။ ကဗျာတို့စာတို့ဆိုတာ လူ ဖတ်ဖို့ ရေးတာ။ ကိုယ့်ရင်ထဲရှိတာ ကိုယ်ရေးလိုက်တာပဲ၊ နားလည် လည် မလည်လည်ဆိုတဲ့ အယူအဆကို ကျွန်တော် လက်မခံဘူး။ လုံးဝ လက်မခံဘူး။

ဒါအခု ကျွန်တော်မရေးသင့်သေးလို့ မရေးတာ။ စာရေး ဆရာ ခပ်ကြီးကြီးတွေကလဲ ဒါမျိုး ပြောနေကြတယ်။ ကိုယ့်အချင်း ချင်း သည်အချိန်မှာ စကားများနေရမယ့်အချိန် မဟုတ်လို့ မပြော သေးတာ၊ မရေးသေးတာ။ ကျွန်တော် ဆိုလိုတာက ကဗျာကို စာ မတတ်တဲ့ကလေးကလဲ နားလည်ရမယ်ဆိုတဲ့သဘော မဟုတ်ဘူး။ နည်းနည်းလေး educated ဖြစ်တဲ့လူကလည်း နည်းနည်းလေးတော့ နားလည်ဖို့လိုတယ်။ ဘယ်သူမှ သဘောမပေါက်ဘူး။ Educated ဖြစ်တဲ့လူတွေကလဲ သဘောမပေါက်ဘူးဆိုရင် ဒါမျိုး ကျွန်တော် မဖတ်ဘူး။ ဒါ သူ့ personal ကိစ္စ၊ ကျွန်တော့်ကိစ္စတော့ မဟုတ်ဘူး။

ကျွန်တော်စာဖတ်တယ်၊ ကဗျာဖတ်တယ်ဆိုတာ ကျွန်တော့် personal ပဲ။ ခင်ဗျားတို့သည်လိုပဲ ခင်ဗျားတို့ personal အရ ဖတ်တာ။ ဒါအားလုံး သည်လိုပါပဲ။ Pleasure တစ်ခုအတွက် အပျင်းပြေဖတ်နေကြတာ မဟုတ်ဘူး။ အဲသည်စာထဲက တစ်ခုခု လိုချင်လို့ သိချင်လို့ စာရေးဆရာအကြောင်း၊ လောကအကြောင်း၊ ဘဝအကြောင်း သိချင်လို့ ဖတ်တာ။

ဒါကြောင့် ခုခေတ် တချို့လူငယ်တွေက ရှေ့ရောက်လွန်းနေတာ တွေ့ရတယ်။ သိပ်နည်းပါတယ်။ ဆိုပါတော့၊ ကဗျာတစ်ပုဒ်မှာ ကောင်းနေပြီး တခြားကဗျာတစ်ပုဒ်မှာ ရှေ့ရောက်လွန်းနေတာမျိုးလည်းရှိတယ်။ ဒါကတော့ သူ့ mood ပေါ်မှာ တည်တယ်ပေါ့။ အဲသလို ကဗျာမျိုးကို ကျွန်တော် မခံစားတတ်ဘူး။ ဆိုပါတော့၊ ကိုအောင်ဝေးရဲ့ ကဗျာ၊ ကိုသင်းခိုင်ရဲ့ ကဗျာ။ ဆယ်ပုဒ်စီရေးကြလို့ ၉ ပုဒ်စီ ကြိုက်ချင်ကြိုက်မယ်။ တစ်ပုဒ်စီက နားမလည်ဘူးဆိုရင် အဲသည်တစ်ပုဒ်ကို ကျွန်တော် မဖတ်တော့ဘူး။ ဆယ်ပုဒ်စလုံးကို နားမလည်အောင်ရေးရင် အဲသည်လို ကဗျာဆရာရဲ့ ကဗျာကို ကျွန်တော် မဖတ်တော့ဘူး။ သည်အတွက် ကျွန်တော် အချိန်ကုန်မခံဘူး။ ကိုယ်ရေးချင်တာ ရေးလိုက်တာ၊ နားမလည်ရင်လဲ နေပေါ့ ဆိုတာက လောကကို စော်ကားတာ။ ကျွန်တော် အစော်ကားမခံဘူး။ အနောက်ကဗျာဆရာတွေလဲ သည်လိုပဲ။ ဂျိမ်းဂျွိုက်စ်၊ သူပြောချင်တာ ဘာလဲ။ ကျွန်တော် နားမလည်ဘူး။ သည်တော့ ကျွန်တော် မဖတ်တော့ဘူး။ ဒါက တချို့သွားနေတဲ့ trend ကို ပြောတာ။ အားလုံးတော့ မဟုတ်ဘူး။ သည်တော့ ကျွန်တော် ယေဘုယျတော့ ပြောချင်တယ်။ အတွေးကောင်းတဲ့လူငယ် တော်တော်များများရဲ့ နိမိတ်ပုံတွေ အားကောင်းတယ်။ ဆန်းသစ်ပြီး မထင်တဲ့ နိမိတ်ပုံတွေ တွေ့ရတယ်။ သဘောကျတယ်။ နည်းနာအားနည်းတာကတော့ လူပုဂ္ဂိုလ် အားနည်းချက် မဟုတ်ဘူး။ ရေးသူနဲ့ဖတ်သူရဲ့ အားနည်းချက်တွေ

လဲမဟုတ်ဘူး။ ဒါက စမ်းနေတဲ့ အချိန်ကိုး။ ကျွန်တော် စိုးရိမ်တာက အားနည်းနေတဲ့ နည်းနာကို အကောင်းလို့ ယူဆလိုက်မှာ စိုးတယ်။

အားနည်းနေတဲ့နည်းနာကို established ဖြစ်နေပြီထင်မှာ စိုးတယ်။ ဒါကိုတော့ ကျွန်တော်တို့ ဆန်းစစ်ရမယ်။ သည်ခေတ်ကဗျာတွေဟာ ခေတ်စမ်းထက်သာတယ်၊ အားကောင်းတယ်။ ဒါက ခင်ဗျားတို့ဘဝက ခေတ်စမ်းဖြတ်သန်းခဲ့ရတဲ့ဘဝနဲ့ မတူတာလဲ ပါတယ်။ ခေတ်စမ်း ဖြတ်သန်းမှုဘဝက အမျိုးသားရေးလှုပ်ရှားမှု ဆိုတယ် ဆိုပေမယ့် သမားရိုးကျ ဆန်တယ်။ ကြမ်းတမ်းတဲ့ အတွေ့အချိုးတွေ များတယ်။ current, counter current စသဖြင့် သိပ်ကို ဝက်ပါ ဆန်တယ်။ ရှုပ်ထွေးနေတဲ့ခေတ်ကို ဖြတ်သန်းရတဲ့ခေတ်မှာ ခင်ဗျားတို့က ခေတ်စမ်းထက် ပိုအားကောင်းတယ်လို့ပဲ ပြောရမှာပဲ။ ဒါက တစ်ချက်။

နောက်တစ်ချက်က ခေတ်စမ်း။ ခေတ်စမ်းမှာ ကောင်းတာ ရှိတယ်၊ မကောင်းတာ ရှိတယ်။ မကောင်းတာ ဘေးဖယ်ထားခဲ့မယ်၊ ကောင်းတာဆက် သယ်ဆောင်မယ်။ ကျွန်တော်တို့လဲ ဟိုတုန်းက ပြင်းထန်ခဲ့တာပဲ။ ဟိုတုန်းက ကုန်းဘောင်ခေတ် စာပေ၊ ကိုလိုနီခေတ်စာပေဆိုရင် ဓနရှင်စာပေ ခေါ်ခဲ့ကြတာပဲ။ ပြန်ကြည့်လိုက်တော့ ကုန်းဘောင်ခေတ်စာပေထဲမှာ အမျိုးသားယဉ်ကျေးမှု ရှိတယ်။ အမျိုးသားယဉ်ကျေးမှု ဆင်းသက်လာတာ တွေ့ရတယ်။ ဆင်းလာတဲ့ အမျိုးသားယဉ်ကျေးမှုထဲက ကောင်းတာ ဆက်သယ်သွားခဲ့ကြတာပဲ၊ မကောင်းတာ ထားခဲ့ရတာပဲ။ ဒါယေဘုယျပေါ့ဗျာ။ တချို့ လူငယ်တွေက ခေတ်စမ်းရိုက်ချိုးရမယ် ဘာညာ "....."စတာ၊ ကျွန်တော် သဘောမတူဘူး။ သူ့မှာလဲ အကြောင်းတော့ ရှိမယ်။ ဒါတော့ ကျွန်တော် မသိဘူး။ ကျွန်တော်က သဘောမတူဘူး။ "....."က ခေတ်သာရှေ့ရောက်တယ် ထင်ရတာ အင်မတန် ကွန်ဆာဗတစ် ဖြစ်တဲ့လူ။ ခေတ်စမ်းကို ကြိုက်တော့လည်း "ဦး...."ရဲ့ ဂိုဏ်း

ကိုကြိုက်တာ တွေ့ရတယ်။ နောက်ပြန်ရောက်တဲ့ ဂိုဏ်းကိုမှ သဘောကျနေတာ တွေ့ရတယ်။

ခေတ်စမ်းမှာလဲ တိုးတက်တဲ့ဂိုဏ်း၊ ဖောက်ပြန်တဲ့ဂိုဏ်း နှစ်ဂိုဏ်း ရှိခဲ့တာပါပဲ။ ဆရာကြီးကို စော်ကားခဲ့တဲ့ ဂိုဏ်း၊ ဒါ ရှိခဲ့တာပါပဲ။ သို့သော် ခေတ်စမ်းလဲ သူ့ခေတ်နဲ့သူ တိုးတက်တာပဲ ပေါ့ဗျာ။ ". . . ."က ခေတ်စမ်းကုန်ပြီဆိုလိုက်တော့ နောက်ပိုင်း ရိုက်ချိုးရမယ်တွေ ဘာတွေဖြစ်လာခဲ့တယ်။ ခေတ်စမ်း ရိုက်ချိုးရင် ဒဂုန်တာရာကို ခေတ်စမ်းက မွေးထုတ်လိုက်တာ။ ကျွန်တော်တို့ကို ခေတ်စမ်းရဲ့ လူတွေက မွေးထုတ်လိုက်တာ။ ဒါ သူ့အပိုင်းနဲ့သူ ရှိခဲ့တာပဲ။ လူငယ်တွေရဲ့ စိတ်ထဲမှာ အဲလို ပစ်ပယ်ချင်တဲ့သဘောတွေ ရှိနေတာကို စိစစ်ဖို့ ကိုယ့်ကိုယ်ကိုယ် မေးဖို့လဲ လိုတယ်။ ဟုတ်ကော ဟုတ်ရဲ့လား။ ပယ်ကော ပယ်မလား၊ ပယ်ရင်ကော ဘာကြောင့် ပယ်မလဲ စသည်ဖြင့်ပေါ့ဗျာ။ ဒါပေမဲ့လို့ ကျွန်တော် ရဲရဲပြောရဲတာက ကနေ့လူငယ်တွေရဲ့ အတွေးအခေါ်ဟာ ခေတ်စမ်းထက် သာတယ်။ ခေတ်စမ်း ဘယ်မှာကုန်သွားသလဲ ကြည့်ရင် "ပျဉ်းမငုတ်တို"မှာ ကုန်သွားတယ်။ အတွေးအခေါ်ကို ပြောတာ။ ဇော်ဂျီရဲ့ "ဗေဒါလမ်း" မှာ ကုန်သွားတယ်။ မကောင်းဘူးပြောတာ မဟုတ်ဘူးနော်။ လောက နဲ့ ဘဝကို ဆင်ခြင်တာ သည်မှာ ကုန်သွားတယ်။ ဒါနဲ့ ပြီးသွားတယ်။ ဒါကို ပြောတာ။ ခင်ဗျားတို့ကျတော့ ရှုပ်ထွေးတဲ့ ဘဝကို ဖြတ်သန်းရ တော့ သည့်ထက် ရှုပ်ထွေးရတာကို ဆင်ခြင်နေကြရတယ်။

"ဒါ ကနေ့ ကျွန်တော်ပြောချင်တယ်၊ ယေဘုယျ ပြောရ တော့ ခင်ဗျားတို့က ဖြည့်နားလည်ပေးဖို့လဲ လိုမယ်"

**မြသန်းတင့်**




# မင်းထက်မောင်ရဲ့ မဲခေါင် ငါလာတယ် မင်းဆီကို

အောင်ဝေး

မေးသည်

(ရန်္ကသစ် ကဗျာဖိုရမ်၊ ၂၀၀၃၊ ဩဂုတ်)

# မင်းထက်မောင်ရဲ့ မဲခေါင် ငါလာတယ် မင်းဆီကို

## မဲခေါင် ငါလာတယ် မင်းဆီကို

မဲခေါင်- ငါဟာ ကဗျာဆရာ
ငါလာတယ် မင်းဆီကို
မင်းရဲ့ သဘာ၀အလှတရားတွေကို ခံစားဖို့
မင်းရဲ့ အတွင်းရေးတွေကို စုံစမ်းဖို့
ပြီးတော့ မင်းနဲ့ ချစ်ကြည်ရင်းနှီးဖို့
မင်းဆီကို ငါလာခဲ့ပေါ့
မဲခေါင်- မင်းဟာ လူသားတစ်ယောက်နဲ့တူရဲ့
မင်းမှာ ခေါင်းရှိတယ် ခန္ဓာကိုယ်ရှိတယ်
ပြီးတော့ ခြေထောက်တွေ လက်တွေလည်း ရှိသေးတယ်
မင်းရဲ့အရပ်က ကီလိုမီတာ ၄၈၀၀ ရှည်လျားပြီး
မင်းရဲ့ ခန္ဓာကိုယ်ထဲမှာတော့
သွေးဆဲလ်ပေါင်း ၆၅ သန်းကျော် စီးဆင်းလှုပ်ရှားနေကြပေါ့
မဲခေါင် - မင်းဟာ မင်းရဲ့ ဦးခေါင်းကို
တရုတ်ခေါင်းအုံးပေါ် တင်ပြီး အိပ်စက်လဲလျောင်းနေလေရဲ့
ဒါကြောင့် ရှည်လျားတဲ့ မင်းရဲ့ဆံပင်တွေဟာ
ယူနန်က ထွက်တဲ့ လက်ဖက်ခြောက်ရနံ့သင်းနေတာပေါ့

မဲခေါင် - မင်းဟာ မင်းရဲ့ ပခုံးသားတွေကိုတော့
မြန်မာပြည်တောင်တန်းကြီးတွေပေါ်မှာ မှီထားတယ်
အဲဒီ တောင်တန်းကြီးတွေက
မင်းကို သက်တောင့်သက်သာ ရှိစေတယ်
မဲခေါင် - မင်းရဲ့ ရင်သားအစုံကတော့
လာအိုရဲ့ ကောက်ညှင်းဆန် လယ်ကွင်းတွေလိုပါပဲလား
ဖွံ့ထွားဝင်းမှည့်ပြီး အဝါရင့်ရောင်တွေ သမ်းလို့
မင်းရဲ့ ရင်နှစ်မွှာကြားကလည်း လာအိုကော်ဖီရနံ့တွေ သင်းလို့
မဲခေါင် - မင်းရဲ့ ဝမ်းဗိုက်ဖြူဖြူဖွေးကတော့
ခေတ်ဆန်လှတဲ့ ယိုးဒယားမလေးတွေရဲ့
အင်္ကျီတိုတိုနဲ့ ဂျင်းနိဘောင်းဘီကျပ်ကျပ်ကြားမှာ
လှပ်ထားတဲ့ ဗိုက်သားနဲ့ တူလှရဲ့
မင်းကတော့ မင်းရဲ့ ဗိုက်သားပေါ်မှာ
သစ်ခွရောင်စုံတွေ စီခြယ်ထားခဲ့သပေါ့
မဲခေါင် - မင်းရဲ့ တင်သားတွေကတော့
ကမ္ဘောဒီးယား အန်းကောဝပ်က သဲကျောက်တုံးကြီးတွေလိုပဲ
ကြီးမားတယ်၊ ခိုင်ခန့်တယ်၊ ဆန်းကျယ်တယ်
ပြီးတော့ အနုပညာလည်း ဆန်လှသေးတယ်
မဲခေါင် - မင်းဟာ မင်းရဲ့ သွယ်လျတဲ့ ခြေတံတွေကိုတော့
ဗီယက်နန် မြစ်ဝကျွန်းပေါ်ဒေသက
စိမ်းစိုနေတဲ့ စပါးခင်းတွေကြားထဲမှာ
အလှပဆုံးပုံသဏ္ဍာန်နဲ့ ကွေးညွှတ်ခွဲဖြာချထားခဲ့လေပေါ့
မဲခေါင် - မင်းဟာ လူသားတစ်ယောက်နဲ့ တကယ်ကို တူလှရဲ့
မင်းမှာ ခန္ဓာကိုယ် အစိတ်အပိုင်းတွေသာမက
စိတ်ဝိညာဉ်၊ အသည်းနှလုံးနဲ့ ဦးနှောက်လည်း ရှိသေးရဲ့
ဒါကြောင့်လည်း မင်းခံစားတတ်ခဲ့၊ မင်းဖန်တီးတတ်ခဲ့
ပြီးတော့ မင်းစဉ်းစားတွေးခေါ်တတ်ခဲ့တာပ
မဲခေါင် - လူ့ယဉ်ကျေးမှု ထွန်းကားခဲ့တဲ့
နှစ်ပေါင်း ၃၀၀၀ ကျော်အတွင်း မင်းဖြတ်သန်းရင်း

မင်းဖန်ဆင်း မင်းချန်ထားခဲ့တာတွေ အများကြီးရှိပါလား
မဲခေါင် - မင်းမှာ သမိုင်းအဖြစ်အပျက်တွေ ရှိတယ်
ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ ရှိတယ်
ဘာသာအယူဝါဒတွေ ရှိတယ်
အစဉ်အလာဓလေ့ထုံးတမ်းတွေ ရှိတယ်
ပြီးတော့ ဒဏ္ဍာရီပုံပြင်တွေနဲ့ ကျေးလက်သီချင်းဂီတတွေ ရှိတယ်
ဒါတွေဟာ မင်းဖြတ်သန်းခဲ့တဲ့
မင်းဘဝရဲ့ မှတ်တိုင်တွေနဲ့ ဒိုင်ယာရီတွေပဲ
မဲခေါင် - မင်းရဲ့ ဒဏ္ဍာရီပုံပြင်တွေ ငါနားထောင်ခဲ့ရ
အထူးသဖြင့် နဂါးပုံပြင်တွေနဲ့ လင်းပိုင်ပုံပြင်တွေပေါ့
နဂါးဟာ မင်းခန္ဓာကိုယ်ထဲကနေ မွေးဖွားခဲ့သလို
လူသားလင်းပိုင်ဟာလည်း မင်းရင်ခွင်ထဲမှာ နေထိုင်ဆဲပါပဲ
ဒါတွေဟာ မင်းဘဝသမိုင်းမှာ တကယ်ဖြစ်ခဲ့တာတွေပဲလား
ဒါမှမဟုတ် ပုံပြင် ဒဏ္ဍာရီသက်သက်ပဲလား
ဘယ်လိုပဲဖြစ်ပါစေ လူတွေကတော့
ဒီပုံပြင်တွေကို ဒီကနေ့အထိ ပြောနေကြတုန်း
ကြိုက်နေကြတုန်း၊ ယုံကြည်နေကြတုန်း
ငါ ကြားခဲ့ရ ငါ မြင်ခဲ့ရ
ငါ့အတွက်တော့ ဒါဟာ စိတ်ဝင်စားစရာ
သဘာဝလွန် ဆန်းကျယ်မှုတစ်ခုဖြစ်ခဲ့ပေါ့
မဲခေါင် - မင်းဟာ ဗုဒ္ဓဘာသာကိုလည်း သက်ဝင်ယုံကြည်ခဲ့
ဟိန္ဒူမူလအစပြုလို့ ဗုဒ္ဓဘာသာဖြစ်လာတဲ့
ယုံကြည်ကိုးကွယ်မှု ဝိညာဉ်ကို
မင်းအသွေးအသားထဲမှာ ငါတွေ့ခဲ့ရ
ဝပ်ဖူး၊ အန်းကောဝပ်၊ ပုဂံ - ရှေးဟောင်းဘုရားကျောင်းတော်ကြီးတွေ
ဒါတွေဟာ ရင့်ကျက်ခိုင်မာလှတဲ့ မင်းရဲ့ ယဉ်ကျေးသိမ်မွေ့မှုတွေပ
ပြီးတော့ အိန္ဒိယတောင်ပိုင်းက ဆင်းသက်လာခဲ့တဲ့ ဘာသာစကား
မင်းနှလုံးသားထဲမှာ ပြောကြားနေကြ၊ ရေးသားနေကြ
ကွဲပြားပေမယ့် အခြေခံက အတူတူသာပ

မဲခေါင် - မင်းနှလုံးသားထဲမှာ
ကျေးလက်သီချင်းဂီတတွေလည်း မြူးကြွလို့
မင်းရဲ့ သိမ်မွေ့လှတဲ့ အနုပညာကို ငါခံစားခဲ့ရ
ငါ့စိတ်တွေ တိမ်းညွတ်ပျော့ပျောင်းလန်းဆန်းခဲ့ရ
မင်းရဲ့ ပွဲတော်ညတွေမှာလည်း ငါပျော်ရွှင်ခဲ့ရပေါ့
မဲခေါင် - ရိုးစင်းလှတဲ့ လူမှုဘဝတွေကိုလည်း
မင်းနှလုံးသားထဲမှာ ငါတွေ့ခဲ့ရပြန်ပေါ့
မင်းရဲ့ ခန္ဓာကိုယ်ကို အမှီပြုပြီး ရှင်သန်နေကြရတဲ့
လယ်သမားတွေ၊ တံငါသည်တွေ၊ လက်လုပ်လက်စားတွေပေါ့
သူတို့ဟာ မင်းရဲ့ သားသမီးတွေနဲ့ တူရဲ့
ဒါကြောင့်လည်း သူတို့က မင်းကို
'မိခင်မြစ်မကြီး' လို့ အမြတ်တနိုး ခေါ်ခဲ့ကြတာ မဟုတ်လား
မဲခေါင် - တကယ်တော့လည်း မင်းဟာ
အကြင်နာတရား၊ ကရုဏာတရား၊ မေတ္တာတရားတွေ အပြည့်ရှိတဲ့
ပီဘီမိခင်တစ်ယောက်ပါပဲ
မဲခေါင် - မင်းဟာ မင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ
တောင်တန်းတွေ၊ သစ်တောတွေ၊ လယ်ကွင်းတွေ
မြစ်လက်တက်တွေ၊ ရေလယ်သောင်ကျွန်းတွေ၊ ရေတံခွန်တွေ
ပြီးတော့ ရိုးစင်းတဲ့ လူမှုဘဝတွေနဲ့
သဘာဝ အလှတရားကို ဖွဲ့သည်းထားခဲ့ရဲ့
မင်းရဲ့ အလှတရားမှာ ဘာခေတ်မီဆန်းသစ်မှုတွေမှ မပါ
သဘာဝကို သဘာဝအတိုင်းသာ ဖွဲ့စည်းထားခဲ့
ရိုးစင်းမှုဟာ အဆန်းကျယ်ဆုံးနဲ့ အလှပဆုံးဆိုတာ
အခုတော့ ငါ သိခဲ့ရပြီ
မဲခေါင် - မင်းနှလုံးသားနဲ့ မင်းခန္ဓာကိုယ်ဟာ
အမှန်တကယ်ကို လှပလွန်းရဲ့
ဒါပေမယ့် မင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ
ဒဏ်ရာ အနာတရ တချို့ဖြစ်နေတာကိုလည်း ငါတွေ့ခဲ့ရ
မင်းရဲ့ သွေးကြောတချို့ပိတ်နေတာတွေကိုလည်း ငါစုံစမ်းသိရှိခဲ့ရ

ဘယ်သူတွေကများ မင်းကို အနာတရဖြစ်အောင် လုပ်နေကြသလဲ
ဘယ်သူတွေကများ မင်းရဲ့ သွေးကြောတွေကို ပိတ်ဆို့နေကြသလဲ
ငါသိပြီ - လူတချို့က မင်းကို ပိုပြီး တိုးတက်ခေတ်မီအောင် ဆိုပြီး
ခေတ်မီနည်းပညာတွေနဲ့ အလှဆင်ပေးချင်နေကြတာကိုး
မင်းရဲ့ မျက်နှာပေါ်မှာ မိတ်ကပ်တွေ လူးပေးချင်နေကြတာကိုး
ရိုးသားတဲ့ မဲခေါင်ရေ
သူတို့ကို မယုံစားလိုက်လေနဲ့
သူတို့က မင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ
ခေတ်မီ အဝတ်အစားသစ်တွေ ဝတ်ဆင်ပေးပြီး
မင်းကို ဈေးကွက်တင်ကြမှာ၊ ရောင်းစားကြမှာ
မိစ္ဆာတွေလို မင်းရဲ့ သွေးတွေကို စုပ်ပြီး အမြတ်ထုတ်ကြမှာ
မင်းရဲ့ အပျိုရည် သဘာဝတရားကို ဖျက်ဆီးပစ်ကြမှာ
မဲခေါင် - ဒီမှာ ငါ ပြောမယ်
သူတို့ကို မယုံကြည်လေနဲ့
ခေတ်ဆန်ပြီးလည်း မလှချင်ပါနဲ့
ဒီလိုမှ မဟုတ်ရင်တော့
မင်းရဲ့ သဘာဝ အလှတရားဟာ ပျက်စီးသွားလိမ့်မယ်
မင်းရဲ့ ခန္ဓာကိုယ်ဟာ ခမ်းခြောက်သွားလိမ့်မယ်
မင်းရဲ့ ဘဝဟာ သေဆုံးသွားလိမ့်မယ်
မဲခေါင် - မင်းသေလို့တော့ မဖြစ်ဘူး
မင်းသေသွားရင်
မင်းရဲ့ သမိုင်း၊ မင်းရဲ့ ယဉ်ကျေးမှု
မင်းရဲ့ သားသမီးတွေ အားလုံးသေဆုံးသွားလိမ့်မယ်
မဲခေါင် - ငါဟာ မင်းရဲ့ ဈာပနကို မမြင်ချင်ဘူး
ကျန်းမာသန်စွမ်းစွာ လှုပ်ရှားနေတဲ့
မင်းရဲ့ သဘာဝအလှတရားကိုသာ ငါထာဝရမြင်လိုတယ်
ဒါကြောင့် ငါ မင်းကို ကယ်ဆယ်ရလိမ့်မယ်
ငါ မင်းအတွက် ကာကွယ်တိုက်ခိုက်ရလိမ့်မယ်

မဲခေါင် - ငါလာတယ် မင်းဆီကို
ငါဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတဲ့
ပညာရှင်တစ်ယောက် မဟုတ်ဘူး
ငါဟာ ကဗျာဆရာတစ်ယောက်ပါ
ကဗျာဆရာဆိုတာ သဘာဝတရားကို
သူများတကာထက်ပိုပြီး ချစ်မြတ်နိုးတတ်တဲ့သူ မဟုတ်လား။ ။

**မင်းထက်မောင်**

၁၄၊၁၁၊၂၀၀၂
ချူလာလောင်ကွန် တက္ကသိုလ်၊ ဘန်ကောက်

**ဒီကဗျာ(မဲခေါင်-ငါလာတယ် မင်းဆီကို) ရေးဖြစ်ဖို့ အာရုံရလာတဲ့ နောက်ခံအခင်းအကျင်းတွေကို အရင်ပြောပြပါဦး။**

ကိုအောင်ဝေး မေးလာလို့ ကျွန်တော်ပြောပြပါမယ်။ 'မဲခေါင်-ငါလာတယ် မင်းဆီကို'ဆိုတဲ့ ဒီကဗျာနဲ့ပတ်သက် ဆက်နွှယ်လို့ Background History ကို ခင်းပြရမယ်ဆိုရင်တော့ နည်းနည်းရှည်လိမ့်မယ်ထင်တယ်။ ပြီးတော့ လိုရာကိုတည့်တည့်မပြောဘဲ နည်းနည်းဝေ့ပြောနေသလိုလည်း ဖြစ်လိမ့်မယ်ထင်တယ်။ မတတ်နိုင်ဘူး၊ ကျွန်တော်ပြောတတ်သလို ပြောပါမယ်။ ဒါမှလည်း ကိုအောင်ဝေး မေးတာကို ကျွန်တော် ရေလည်အောင် ရှင်းပြနိုင်လိမ့်မယ်။

အရင်ဦးဆုံးတစ်ချက် ပြောရမှာကတော့ ဒီကဗျာကို ကျွန်တော် ဒီမှာ (မြန်မာပြည်မှာ) ရေးခဲ့တာမဟုတ်ဘူး ဆိုတာပဲ။ ယိုးဒယားမှာ မနှစ်က နိုဝင်ဘာလတုန်းက ရေးခဲ့တာပဲ။ ဟုတ်တယ်၊ ပြီးခဲ့တဲ့ ၂၀၀၂ ခုနှစ် အောက်တိုဘာနဲ့ နိုဝင်ဘာလတွေထဲမှာ ကျွန်တော် ယိုးဒယားနဲ့ လာအိုကို ရောက်နေခဲ့တယ်။ သွားရောက်ခဲ့တဲ့ အကြောင်းရင်းကတော့ ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့က ချူလာလောင်တက္ကသိုလ်မှာ အခြေစိုက်ဖွင့်လှစ်တဲ့ Journalism Training Course တစ်ခုကိုသွားတက်တာ။ 'Man and the Might Mekong' လို့ Focus လုပ်ထားတဲ့ Environmental Journalism သင်တန်းဆိုပါတော့။ ဗန်ကောက်မှာအခြေစိုက်တဲ့ Indochina Media Memorial Foundation (IMMF) က တာဝန်ယူဖွင့်လှစ်တဲ့ One

Month Course သင်တန်းပေါ့။ ဒီသင်တန်းမှာ တရုတ်နဲ့ အရှေ့တောင်အာရှငါးနိုင်ငံက Working Journalist ပေါင်း ၁၇ ယောက် တက်ခွင့်ရတယ်။ မြန်မာပြည်ကတော့ ကျွန်တော်ရယ်၊ Living Color မဂ္ဂဇင်းက ကိုမင်းစိုးနိုင်ရယ် နှစ်ယောက်အရွေးခံရတယ်။ ဒီလိုနဲ့ပဲ အဲဒီသင်တန်းကို ကျွန်တော်တို့ ယိုးဒယားမှာ သွားတက်ခဲ့ကြတယ်ပေါ့။

ဒီသင်တန်းကို သွားတက်ခဲ့တာကတော့ Journalist တစ်ယောက်အနေနဲ့၊ Editor တစ်ယောက်အနေနဲ့ပါပဲ။ ဒါပေမယ့် ဒီသင်တန်းကို တက်ရောက်ဖို့ Application Form ဖြည့်ပြီး ပို့ကတည်းက ကျွန်တော့်ရဲ့ Bio-Data ထဲမှာ ကဗျာတွေ၊ ဝတ္ထုတိုတွေရေးတဲ့သူ တစ်ဦး ဖြစ်ကြောင်း၊ ဓာတ်ပုံရိုက်ရတာ ပန်းချီဆွဲရတာတွေ ဝါသနာပါတဲ့ အကြောင်းတွေကိုပါ ထည့်ပို့ခဲ့ပါတယ်။ ဒီတော့ သူတို့ကလည်း ကျွန်တော့်ကို ကဗျာဆရာ၊ စာရေးဆရာတစ်ယောက် ဖြစ်ကြောင်း ကြိုသိထားနှင့်တယ်ပေါ့။ သူတို့ဆိုတာက ဒီသင်တန်းကို အဓိက တာဝန်ယူရတဲ့ IMMF ရဲ့ Project Director လည်းဖြစ်တဲ့ Mrs. Sarah Mclean ရယ်၊ ဒီသင်တန်းရဲ့ Trainer နှစ်ယောက်ဖြစ်တဲ့ Mary Price နဲ့ Jeff Hodson တို့ရယ်ကို ဆိုလိုတာပါ။ သူတို့ကို ဒီနေရာမှာ နာမည်နဲ့တကွ ထည့်ပြောရတာကလည်း အကြောင်းမဲ့ သက်သက်တော့ မဟုတ်ပါဘူး။ ဒီ'မဲခေါင်'ကဗျာကို ရေးဖြစ်ဖို့ အဓိက စေ့ဆော် တိုက်တွန်းတဲ့သူတွေထဲမှာ သူတို့ပါနေလို့ပါပဲ။ ပြီးတော့ ကျွန်တော်နဲ့ သင်တန်းတက်ဖော်တက်ဖက် အခြား Journalist တွေပေါ့။ သူတို့က ကျွန်တော့်ကို Journalist တစ်ယောက် အနေနဲ့သာမက Poet/Writer တစ်ယောက်အနေနဲ့ပါ သိထားကြတယ်။ ကျွန်တော်ကလည်း ဒီသင်တန်းထဲမှာပဲ ကဗျာတွေ၊ Poetic Prose တွေ တော်တော်ရေးဖြစ်ခဲ့သေးတယ်။ ဒီသင်တန်းနဲ့ ဒီကဗျာကို ဘယ်လို ပတ်သက်ဆက်နွှယ်နေသလဲဆိုတာ ကျွန်တော် ဆက်ပြောပြပါဦးမယ်။

ဒီသင်တန်းကာလက စုစုပေါင်း ရက်သတ္တပတ် လေးပတ်ကြာတယ်။ ပထမပတ်ကတော့ ချူလာလောင်ကွန်မှာပဲနေပြီး အဲဒီမှာပဲ စာသင်ရတယ်။ ဒုတိယပတ်နဲ့ တတိယပတ်ကတော့ ကျွန်တော်တို့အားလုံး ခရီးထွက်ကြရတယ်။ Field Trip ပေါ့။ ဗန်ကောက်ကနေ ယိုးဒယားနိုင်ငံ အရှေ့ဖျားမှာရှိတဲ့ Ubon Ratchani လို့ခေါ်တဲ့မြို့ကို ပထမဦးဆုံးဦးတည်ပြီး ခရီးထွက်ကြရတယ်။ အဲဒီမြို့က လာအိုနယ်စပ်နဲ့ သိပ်မဝေးတော့တဲ့မြို့။ Night Train တစ်ညလုံးစီးပြီး ခရီးစထွက်ခဲ့ကြတယ်။ အဲဒီကနေမှ မဲခေါင်မြစ်ရဲ့မြစ်လက်တက် Moon Riverလို့ခေါ်တဲ့ မြစ်ဘေးမှာရှိတဲ့ Khong Jiam မှာ စတည်းချပြီး အဲဒီအနီးအနားက ရွာတွေတစ်ရွာပြီးတစ်ရွာ သွားရတယ်။ အဲဒီမြစ်ပေါ်မှာ ခွဆောက်ထားတဲ့ Pak Moon Dam ကိုလည်း သွားလေ့လာရတယ်။ ပြီးတော့ အဲဒီ Dam နဲ့ပတ်သက်လို့ Movenent တွေ၊ Strike တွေလုပ်နေတဲ့ ရွာသားတွေ၊ ခေါင်းဆောင်တွေ၊ NEO အဖွဲ့အစည်းတွေနဲ့လည်း တွေ့ရတယ်။ မဲခေါင်မြစ်ကို ဖြတ်ပြီး တစ်ဖက်ကမ်းက လာအိုနယ်စပ်ကိုလည်း သွားရတယ်။ ပြီးတော့တစ်ခါ ယိုးဒယားနဲ့ လာအိုနယ်စပ်ကုန်းလမ်းဖြစ်တဲ့ Chong Mek Check Point ကိုဖြတ်ပြီး လာအိုနိုင်ငံထဲဝင်၊ လာအိုမှာလည်း Champasak ပြည်နယ်ထဲက Pakse မြို့ကို ဗဟိုပြုပြီး တောတွေနယ်တွေ၊ နယ်စပ်တွေဘက် ခရီးထွက်ကြရပြန်တယ်။ ပြီးတော့ လာအိုထဲမှာ မဲခေါင်မြစ်အတိုင်း ပြန်စုန်ဆင်းပြီး တစ်မြို့ဝင်တစ်မြို့ထွက်၊ တစ်ရွာဝင် တစ်ရွာထွက်ပေါ့။

အဲဒီရက်သတ္တပတ် နှစ်ပတ်ကြာတဲ့ လေ့လာရေးခရီးကို လေယာဉ်၊ ရထား၊ ကား၊ သင်္ဘော၊ လှေ၊ တစ်ခါတစ်ရံ ခြေလျင်စုံအောင်ခရီးနှင်ခဲ့ရတယ်။ မနေမနား သွားခဲ့ရတဲ့ တကယ့်ခရီးရှည်တစ်ခုပဲ။ အဲဒီခရီးစဉ်တစ်လျှောက်မှာ လူအများကြီးနဲ့တွေ့၊ သီချင်းတာတွေမေး၊ အင်တာဗျူးတွေလုပ်၊ ဓာတ်ပုံတွေရိုက်နဲ့ တကယ့်

Journalist အလုပ်ကို လက်တွေ့လုပ် ကြရတယ်။ ကျွန်တော့် အတွက်တော့ အဲဒီမှာ Journalistic Sence သာမကဘူး၊ ကဗျာ ဆရာတစ်ယောက် စာရေးဆရာ တစ်ယောက်အတွက် ရေးစရာ၊ ခံစားစရာတွေ Inspiraation အများကြီးရခဲ့တယ်။ ခရီးတစ်လျှောက် မှာလည်း ကဗျာတိုထွာ ကလေးတွေ အများကြီးရေးဖြစ်ခဲ့တယ်။ ဝတ္ထု၊ အက်ဆေး ပြန်ရေးချင်တာတွေလည်း သုံးလေးခု ရခဲ့တယ်။ ကိုယ်နဲ့ နိုင်ငံချင်း၊ ယဉ်ကျေးမှုချင်း၊ ဘာသာစကားချင်း၊ တိုးတက်ခေတ်မီ ပုံချင်းမတူတဲ့ လူတွေဆီရောက်ခဲ့ရပေမယ့် လူတွေရဲ့ စိတ်နေစိတ်ထား၊ သဘောသဘာဝနဲ့ လူအဖြစ် ရှင်သန်ရပ်တည် နေထိုင်ပုံတွေကို အရင်ကထက်ပိုပြီး သိလာခဲ့ရတယ်။ Global ဆန်တဲ့ International Exposure တွေရသလို လူမျိုးတစ်မျိုးချင်း၊ နိုင်ငံတစ်နိုင်ငံချင်းရဲ့ Nationality ဖြစ်မှုတွေကိုလည်း ခံစားသိလာရတယ်။ အထူးသဖြင့် ကဗျာဆရာတစ်ယောက် အနေနဲ့ Thinking အသစ်၊ Imagination အသစ်တွေရလာတယ်လို့ ဆိုရမယ်။

နေဦး၊ စောစောက Trip အကြောင်း ပြန်ဆက်ရဦးမယ်။ အဲဒီ လေ့လာရေးခရီး ထွက်ရင်းနဲ့ပဲ Environment Angle ကနေ ရေးမယ့် ကိုယ့် News Story၊ ကိုယ့် Feature အတွက် ကိုယ့် Point of View ကိုရှာပြီးတစ်ခါတည်း ရွေးချယ် ပြင်ဆင်ခဲ့ကြရ သေးတယ်။ ဘာလို့လဲဆိုတော့ ဗန်ကောက်ပြန်ရောက်ပြီး နောက်ဆုံး အပတ်ထဲမှာ ဆောင်းပါးတစ်ပုဒ်စီရေးပြီး IMMF Mekong River Time ကိုအချိန်မီ ထုတ်ကြရဦးမှာကိုး။ အဲဒီမှာ ကျွန်တော်က မဲခေါင် မြစ်ဝှမ်းတစ်လျှောက်က Culture နဲ့ပတ်သက်လို့ ဆောင်းပါးတစ်ပုဒ် ရေးဖို့ တာဝန်ကျလာတယ်။ စာအုပ်တစ်အုပ်ထဲမှာ Journalist ၁၇ ယောက်ရေးမယ့် အကြောင်းအရာချင်း ထပ်မနေအောင်လို့ ကိုယ်ရေး မယ့် Topic ကို ကျွန်တော်တို့အချင်းချင်း ပြန်ခွဲကြရသေးတယ်လေ။ သင်တန်း Trainer နှစ်ယောက်ဖြစ်တဲ့ Mary နဲ့ Jeff ကတော့

ကျွန်တော့်ကို ကဗျာဆရာမှန်းလို့လား မသိဘူး။ Maung က Culture နဲ့ပတ်သက်တာ တစ်ခုခုရေးပါလို့ အမိန့်ချတယ်။ တကယ်က အဲဒီ တုန်းက Journalism ဆောင်းပါး (Feature အနေနဲ့ပေါ့)။ ကျွန်တော် ရေးချင်နေခဲ့တာက Pak Moon Dam Effect ကြောင့် ဖြစ်ရတဲ့ Environmental တွေအကြောင်းပါပဲ။ အထူးသဖြင့် အဲဒီ Moon River ပေါ်မှာ အခြေပြုနေထိုင်ကြတဲ့ ရွာသူရွာသား တံငါသည်တွေ၊ လယ်သမားတွေရဲ့ ဘဝဖြစ်တည်မှုအကြောင်းပေါ့။ သိပ်စိတ်ဝင်စား ဖို့ ကောင်းသလို၊ သိပ်ဝမ်းနည်းကြေကွဲဖို့ ကောင်းတာတွေလည်း ရှိတယ်။ ထားပါတော့။

ကျွန်တော်ရေးချင်တဲ့ အကြောင်းအရာကို မရွေးချယ်ဘဲ သူတို့ တိုက်တွန်းတဲ့ Culture ကို ကိုင်ဖို့ သဘောတူလိုက်တယ်။ Culture နဲ့ပတ်သက်လို့ ရသလောက်အချက်အလက်တွေ စုဆောင်း ပြီး ကျွန်တော် Comentry တစ်ပုဒ်ရေးတယ်။ အင်္ဂလိပ်လိုပေါ့။ 'One Day, Will we loser our culture? ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော် Opinion တွေပါ ခပ်ပြင်းပြင်းလေးထည့်ပြီး ရေးလိုက် တယ်။ ပထမမူကြမ်းရေးပြီးတော့ Mary ကို Edit လုပ်ဖို့သွားပေး လိုက်တယ်။ အဲဒီမှာ Mary က ဘာပြောသလဲဆိုတော့ ကျွန်တော့် ဆောင်းပါးကို ဆောင်းပါးအနေနဲ့မရေးဘဲ Essay ဆန်ဆန်ရေးရင် ပိုကောင်းမယ်တဲ့။ Time မဂ္ဂဇင်းထဲမှာ ရေးနေတဲ့ Journalist Essay လိုမျိုးပေါ့။ သူက ကျွန်တော့်ကို 'မင်းက တကယ့်ကဗျာ ဆရာပဲ၊ သူများ မမြင်နိုင်တာကိုလည်း မင်း မြင်နိုင်တယ်၊ မင်း ခံစားနိုင်တယ်၊ တကယ်တော့ သတင်းအချက်အလက်တွေကို သိပ် Base မလုပ်ဘဲ မင်းရဲ့ Own Creation, Own Emotion တွေနဲ့ Literature ဆန်တာတစ်ခုခုကို ရေးသင့်တယ်၊ ကဗျာဖြစ်ဖြစ်၊ ဝတ္ထုဖြစ်ဖြစ်၊ အက်ဆေး ဖြစ်ဖြစ်ပေါ့' တဲ့။ တကယ်တော့ ဒီလိုပြောလိုက်တာ ကျွန်တော်ရေးတဲ့ ဆောင်းပါးကို သူ မကြိုက်လို့လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဝမ်းမနည်းဘူး။ ဝမ်းတောင်သာသွားသေး

တယ်။ 'အခုထုတ်မယ့် IMMF Mekong River Time ထဲမှာ ငါကဗျာရေးလို့ရမှာလား'လို့ ကျွန်တော်က သူ့ကို ပြန်မေးတော့ သူက 'သေချာတာပေါ့၊ ငါနဲ့ Jeff ကအစော ကြီးကတည်းက Maung တော့ မဲခေါင်ကဗျာတစ်ပုဒ်ရေးလိမ့်မယ်လို့ မျှော်လင့်ထားကြတာ' လို့ ဆိုတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ပျော်ပျော်ကြီးပဲ 'OK, I Try to Write It.'လုပ်လိုက်တယ်။

ဒီကဗျာရေးဖြစ်ပုံကတော့ အဲဒီလိုပဲ။ နောက်တစ်ယောက် ရှိသေးတယ်။ Mrs, Sarah ပေါ့။ သူက ကျွန်တော့်ကို ကဗျာဆရာ တစ်ယောက်အဖြစ်နဲ့ သိထားတော့ ကဗျာရေးဖြစ်ဖို့ အမြဲတိုက်တွန်း လေ့ရှိတယ်။ ကျွန်တော်ရေးဖြစ်တဲ့ ကဗျာတွေကိုလည်း တောင်းဖတ်၊ မြန်မာလိုရေးထားတာတွေကိုလည်း ဘာသာပြန်ပြခိုင်း လုပ်လေ့ရှိ တယ်။ ဒီဘွားတော်က ကဗျာကိုသိပ်ချစ်တယ်။ Mary ကလည်း Environmental Journalist ဆိုပေမယ့် Literature ကိုလည်း သိပ် စိတ်ဝင်စားတယ်။ ပြီးတော့ သူက အိုင်းရစ်သူ။ အားလပ်တဲ့အချိန် တွေမှာ သူနဲ့ကျွန်တော် အိုင်းရစ်ကဗျာဆရာတွေ အကြောင်းပြော ဖြစ်တယ်။ Semus Heaney ရဲ့ ကဗျာတွေ အကြောင်းပြောတယ်။ Jame Joyce ရဲ့ဝတ္ထုတွေအကြောင်းပြောတယ်။ သူက Sulvia နဲ့ Ted Hughes ရဲ့ကဗျာတွေကို ကြိုက်တယ်။ ဒီလို ဒီလူတွေနဲ့ တွေ့ရ ပြီး ကျွန်တော်လည်း Journalism သင်တန်းမှာ ကဗျာတွေ ရေးဖြစ် တော့တာပဲ။ ပြီးတော့ သင်တန်းတက်ဖော် တက်ဖက်တွေထဲက Nation သတင်းစာတိုက်က Reporter မလေး Nuk။ သူကလည်း ကဗျာတွေ ဝတ္ထုတိုတွေ သိပ်စိတ်ဝင်စားတယ်။ သင်တန်းတစ် လျှောက်လုံး အားလပ်ချိန်တွေမှာ အင်္ဂလိပ်ရေးထားတဲ့ ဝတ္ထုတို စာအုပ်တွေ ဖတ်လေ့ရှိတယ်။ သူကိုယ်တိုင်လည်း ရေးသားဖန်တီးဖို့ ကြိုးစားအားထုတ်နေတယ်။ စာသမားချင်းဆိုတော့ သင်တန်းမှာ သူနဲ့ကျွန်တော်အဖွဲ့ကျတယ်။ သူနဲ့ World Literature တွေ

အကြောင်း ပြောဖြစ်၊ ဆွေးနွေးဖြစ်တယ်။ သူကလည်း ကျွန်တော့်ကို ကဗျာရေးဖြစ်ဖို့ အမြဲလိုလို တိုက်တွန်းအားပေး လုပ်လေ့ရှိတယ်။ ဘာကဗျာရေးဖြစ်သေးလဲ ဆိုပြီးတော့လည်း အမြဲတောင်းဖတ်၊ ကူးထားလုပ်လေ့ရှိတယ်။

အဲဒီလို ကြုံတွေ့ဖြတ်သန်းခဲ့ရတာတွေကို ပြန်ပြောပြချင်တာပါ။ ဒါတွေဟာလည်း ဒီကဗျာရေးဖြစ်တဲ့အထဲမှာ အရေးပါတဲ့အချက်တွေပါပဲ။ အဲဒီလို လူကသာ Journalism သင်တန်းသွားတက်တာ ကဗျာဆရာဘ၀၊ ကဗျာသမားတစ်ယောက်ရဲ့ စိတ်ကူးခံစားနေထိုင်မှုတွေကနေ လွတ်ထွက်မသွားခဲ့ဘူးဆိုတာ သိသာအောင်ပြောပြချင်တာပါ။ အခြေအနေက သူ့အလိုလို ဖန်တီးလာခဲ့တာလေ။

ကျွန်တော် အခုလိုဇာတ်စုံခင်းပြီး ရှည်ရှည်ဝေးဝေး ပြန်ပြောပြခဲ့တာတွေဟာ ကိုအောင်ဝေးမေးတဲ့ ဒီကဗျာရေးဖြစ်ဖို့ အာရုံရလာတဲ့ နောက်ခံအခင်းအကျင်း တစ်စိတ်တစ်ဒေသ၊ ဒါမှမဟုတ် အတော်များများ ဖြစ်လိမ့်မယ်ထင်တယ်။ တကယ်တော့ အဲဒီ Journalism Field Trip ထဲကနေ မွေးဖွားသန္ဓေတည်လာခဲ့တဲ့ ကဗျာဆရာတစ်ပိုင်း၊ Journalist တစ်ပိုင်း လူတစ်ယောက်ရဲ့ Real Imaginnation တစ်ခုပဲပေါ့။

**ဒီကဗျာကို Environmental Journalism Poetry လို့ ဆိုပါစို့။ Environmental Journalism စိတ်ကူးကို ကဗျာပုံသဏ္ဌာန်နဲ့ ဖော်ပြချက်လား။ သို့မဟုတ် ကဗျာ စိတ်ကူးကိုပဲ Environmental Journalism ဖော်ချင်တာလား။**

ဟုတ်တယ်။ ဒီကဗျာက Environmental Journalism အပေါ်မှာ Base လုပ်ထားတဲ့ကဗျာပဲ။ Environmental Journalism စိတ်ကူးကို ကဗျာပုံသဏ္ဌာန်နဲ့ ဖော်ပြချက်လား၊ ကဗျာစိတ်ကူးကိုပဲ ပုံသဏ္ဌာန်နဲ့ ဖော်ပြချင်တာလားဆိုတာကတော့ တစ်ဖက်တည်း ပိုင်းပိုင်းဖြတ်ဖြတ်ပြောလို့ မရနိုင်ဘူးထင်တယ်။ နှစ်မျိုးစလုံး

ရောယှက်နေလိမ့်မယ်။ ဘာလို့ဆို အဲဒီကဗျာရေးနေတဲ့ အချိန် အခါတုန်းက ဖြစ်နေတဲ့ အခြေအနေက စောစောက ကျွန်တော် ပြောခဲ့သလို ကဗျာဆရာ တစ်ပိုင်း၊ Journalist တစ်ပိုင်း လူ တစ်ယောက်ရဲ့ Real Imagination ကို ဖွဲ့စည်းတည်ဆောက်နေတဲ့ အခြေအနေမျိုးဖြစ်နေတာကိုး။ တကယ့်ကို နှစ်ခုစလုံး ရောထွေးနေ တယ်။ ဒါနဲ့ ပတ်သက်လို့ အဲဒီကဗျာရေးခဲ့စဉ်ကာလက အခြေအနေ ကို ကျွန်တော် ပြန်ပြောပြပါမယ်။

စောစောက ကျွန်တော်ပြောခဲ့တဲ့ သင်တန်းဆရာမ Mary က ကျွန်တော့်ကို ကဗျာရေးဖို့ ပါမစ်ပေးလိုက်တဲ့ အချိန်မှာ ကျွန်တော်တို့ရဲ့ စာမူ Dead Line က နှစ်ရက်လောက်ပဲ ကျန်တော့ တယ်။ အချိန်သိပ်မရှိတော့ဘူး။ သူများတကာတွေဆိုရင် ကိုယ့်စာမူ အချောသပ်ပြီးလို့ အေးအေးဆေးဆေးတောင် ဖြစ်နေကြပြီ။ ကျွန်တော်က အခုမှပြန်စရမှာဆိုတော့ သိပ်မလွယ်ဘူး။ ပြီးတော့ ရေးရမှာက ကဗျာ၊ မဲခေါင်အကြောင်း ကဗျာ။ Environmental Angle ကနေ ရေးရမှာ။ ခက်တယ်။ ကိုယ်က ကဗျာဆရာပဲ ဘာခက်သလဲ ဆိုပေမယ့်လည်း ခက်တာကကဗျာဆိုတာ Mood မဝင်ဘဲ ရေးလို့မရဘူး။ ပြီးတော့ အင်္ဂလိပ်လို ဖော်ပြရဦးမှာ။ အချိန်က သိပ်နည်းနေပြီ။ အဲဒီမှာ Mary ကို ကျွန်တော် ဘာတစ်ခု ပြန်တောင်းဆိုခဲ့သလဲဆိုတော့ ငါ့ကို လွတ်လွတ်လပ်လပ် နေခွင့်ပေး ပါ။ ကွန်ပျူတာတွေ၊ Document တွေ ရှုပ်ပွနေတဲ့ ဒီသင်တန်းခန်းမ ထဲမှာတော့ ငါရေးလို့ရမှာ မဟုတ်ဘူးလို့၊ Mary ကလည်း နားလည် ပါတယ်။ မင်းစိတ်ကြိုက် နေနိုင်သွားနိုင်ပါတယ်တဲ့။ အဲဒီအချိန်က စပြီး ကျွန်တော် Class မဝင်တော့ဘူး။ ကျွန်တော့်အခန်းကို ကျွန်တော် ပြန်လာခဲ့တယ်။ Field Trip တုန်းက ကျွန်တော် ကောက်ခြစ်ထားခဲ့တဲ့ ကဗျာအတိုအစတွေ၊ သတင်းအချက်အလက် မှတ်စုတိုထွာတွေ ပြန်မွှပြီး ကဗျာရေးဖို့ စိတ်ကူးစိတ်သန်း ဖြန့်ကြက်

ကြည့်တယ်။ မရဘူး။ ကဗျာခေတ်က စီးမလာဘူး။ ဒါနဲ့ အခန်း တံခါးပိတ်ပြီး အပြင်ထွက်ခဲ့တယ်။ တစ်ယောက်တည်း Canteen မှာ သွားထိုင်တယ်။ စဉ်းစားတယ်။ ပြီးတော့ ချူလာတက္ကသိုလ်ဝင်းထဲ အနှံ့ လျှောက်သွားပြီး လွတ်လွတ်လပ်လပ် ပေ့ါပေ့ါပါးပါး ဖြစ်သွား အောင်နေတယ်။ ဒါလည်း ကဗျာခေတ်က တော်တော်နဲ့ စီးဝင်မလာ ဘူး။

ညကျတော့ ကျွန်တော့်အခန်းထဲမှာ ခုတင်ပေါ် အိပ်ပြီး Ted Hughes ရဲ့ Crow ကဗျာစာအုပ်ကို စိတ်နှစ်ပြီး ဖတ်နေလိုက်တယ်။ ဖတ်ရင်း အိပ်ပျော်သွားပြီး မနက်သုံးနာရီလောက်မှာ ပြန်နိုးတယ်။ အဲဒီအချိန်မှာ ကဗျာကို ဘယ်လိုစရေးရမလဲဆိုတာ ဖျတ်ခနဲ ခေါင်းထဲကိုဝင်လာတယ်။ Mckong – I am a poet, I come to you, I appreciate your natural beauty, I investigate your inside story, And I am close with you. စသဖြင့်ပေ့ါ။ ဒီကဗျာကို အင်္ဂလိပ်လိုပဲ စရေးဖြစ်တယ်။ ပြီးတော့ ဆက်ရေးရင်းနဲ့ အင်္ဂလိပ်လို ရေးလိုက်၊ မြန်မာလိုရေးလိုက်နဲ့။ အင်္ဂလိပ်က ကိုယ့်မိခင်ဘာသာ စကား၊ ကိုယ်ပိုင်နိုင်တဲ့ ဘာသာစကား မဟုတ်တော့ ကိုယ်တွေးထား သလောက်ကို တချို့နေရာတွေမှာ မရေးနိုင်ဘူး။ ကိစ္စမရှိဘူး။ အင်္ဂလိပ်လို မရေးနိုင်တာတွေကို မြန်မာလိုပဲ အရင်ချရေးထားပြီး ပြီးမှ ဘာသာပြန်ပစ်လိုက်တယ်။ အဲဒီအချိန်မှာတော့ ကဗျာခေတ်က စီးနေပြီ။ Mood ဝင်နေပြီပေ့ါ။ ရေးလိုက်တာ နောက်တစ်နေ့ မနက် ၁၀ နာရီလောက်ကျတော့မှ ပြီးသလောက်ဖြစ်သွားတယ်။ နည်းနည်း လည်း ရှည်တာကိုး။

ပြောရရင်တော့ ကဗျာရဲ့ Theme ထဲမှာ ကျွန်တော် ပြန် ထည့်ထားတာကတော့ ပထမရေးထားတဲ့ Comentry ထဲက Theme တွေပဲ။ ဒါပေမယ့် Presentation တော့ တခြားစီဖြစ်သွားပြီ။ Data အချက်အလက်တွေပေါ်မှာ Base မလုပ်တော့ဘူး။ Ideology သက်သက်နဲ့သွားပြီး ကဗျာစိတ်ကူးအာရုံရိပ်တွေနဲ့ပဲ စကားလုံးတွေ၊

ဝါကျတွေကို တည်ဆောက်ထားတော့တယ်။ ဒါပေမယ့် အဲဒီ Words တွေ၊ Line တွေကလည်း Poetic ဖြစ်လွန်းတာတွေတော့ မဟုတ်ဘူး။ ဒီလိုကဗျာမျိုးကို Monology ဆန်ဆန်၊ စကားပြော ဆန်ဆန်ရေး ဖြစ်တော့ သာမန်အရပ်သုံးစကားလုံးမျိုးတွေနဲ့ပဲ သုံးစွဲဖော်ပြရတာ ပိုအဆင်ပြေတယ်။ တစ်ခါတစ်ခါ ကဗျာကို ကဗျာဆန်အောင်လို့ ဆိုပြီး အတင်းလုပ်ယူထားလို့ မရဘူး မဟုတ်လား။ သူ့ဘာသာသူ ပေါ့ပေါ့ပါးပါးနဲ့ ရိုးရိုးတန်းတန်းပဲ ဖြစ်နေတာက ပိုကောင်းတယ်။ အဆင်တန်ဆာတွေ မလိုအပ်ဘဲ တပ်ဆင်ထားတာမျိုးက မြင်ရသူ အဖို့ စိတ်ပျက်ဖို့ ကောင်းလှတယ်။ ဒီကဗျာမှာ မဲခေါင်မြစ်ကို လူ တစ်ယောက်လို၊ ရိုးသားပြီးလှပတဲ့ ကောင်မလေးတစ်ယောက်လို တင်စားပြီးရေးဖွဲ့ခဲ့တာပဲ။ ဘာမှ ထူးဆန်းတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီကဗျာကို Journalism သင်တန်းမှာထုတ်ဝေတဲ့ စာအုပ် အတွက် ရေးခဲ့တာပဲ။ ကဗျာအဖြစ် ရေးတာဆိုပေမယ့် Journalism စိတ်ကူးတွေလည်း ရောယှက်နေတယ်။

ပြီးတော့ Environmental Journalism အဲဒါနဲ့ ပတ်သက်လို့ ကိုအောင်ဝေးကို ပြောပြချင်တာ တစ်ခုရှိတယ်။ အဲဒါဘာလဲဆိုတော့ Environmental Journalism ဟာ အခြားရိုးရိုး Journalism တွေနဲ့မတူတာပဲ။ သာမန်အားဖြင့် Journalist တစ်ယောက်ဟာ ဘယ်ဘက်ကိုမှ ဘက်မလိုက်ရဘူး။ Balance and Fairness ရှိရတယ်။ ဒါ သူ့ရဲ့စောင့်ထိန်းရမယ့် Ethic ပဲ။ သူက Media Man ကိုး။ ဒီ့အတွက် သူဟာ ကိုယ့် Emotion ၊ ကိုယ့်ထင်ရာမြင်ရာ ယုံကြည်ရာကို ဘယ်တော့မှ ရှေ့တန်းမတင်ရဘူး။ Environmental Journalist ကျတော့ဒီလိုမဟုတ်ဘူး။ သူက Emotion အပြည့်ရှိရ တယ်။ ဘာ Emotion လဲဆိုတော့ သဘာဝတရားကို ချစ်မြတ်နိုး တတ်တဲ့စိတ်၊ သဘာဝ ပတ်ဝန်းကျင်တွေ ပျက်စီးမှာကို စိုးရိမ်တဲ့စိတ်၊ ကာကွယ်လိုတဲ့စိတ်၊ အဲဒီစိတ် Emotion ရှိဖို့လိုတယ်။ သူ့ရဲ့စိတ်ဟာ

ကဗျာဆရာတစ်ယောက်လိုပဲ သူယုံကြည်ရာကိုသာ ရပ်တည်တင်ပြနေဖို့အတွက် အမြဲဇောကပ်နေရမယ်။ ခံစားမှုစိတ်နဲ့ အလုပ်လုပ်နေရမယ်။ ဒါမှ Environmental Journalist အစစ် တစ်ယောက်ဖြစ်လာမှာတဲ့။ ဒါကျွန်တော်ပြောတာ မဟုတ်ပါဘူး။ Mary ပြောခဲ့တာ။ ကျွန်တော်က ကျွန်တော့် မဲခေါင်ကဗျာထဲမှာ အဆုံးသတ်တော့ ' I am not a environmentalist, I am a poet ' လို့ ရေးတာကို Jeff က မကြိုက်ဘူး။ မဟုတ်ဘူး။ မင်းဒီကဗျာကိုရေးတာ မင်းလည်း Environmentalist ပဲ။ ကဗျာဆရာဟာလည်း ကဗျာအားဖြင့် Environmentalist တစ်ယောက် ဖြစ်နိုင်တာပဲ။ Green Peace လို လုပ်မှ Environmentalist ဖြစ်တာ မဟုတ်ဘူးတဲ့။ ကြုံကြိုက်လို့ပြောဖြစ်တာပါ။ ကိုအောင်ဝေး မေးတာနဲ့ တခြားစီတွေဖြစ်ကုန်ပြီထင်တယ်။

**ဒီကဗျာဟန် (Style) စကားပြေကဗျာဟန် (Prose Poem Style) မျိုး တခြားသူတွေ ရေးတာလည်း တွေ့ပါတယ်။ (ဥပမာ-ထွန်းဝေမြင့်၊ မြင့်မိုးအောင်)။ 'စကားပြေကဗျာသည် စကားပြေ မဟုတ်ဘူး၊ ကဗျာပဲ ဖြစ်တယ်' ဆိုတဲ့ အချက်ကို ရှင်းပြပေးပါ။**

ကိုအောင်ဝေးရေ-ဒီမေးခွန်းနဲ့ ပတ်သက်လို့တော့ ကျွန်တော်က ပညာရှင်မဟုတ်ပါဘူး။ Scholar မဟုတ်ပါဘူး။ ဒါကြောင့် ပညာရှင်တွေကို မေးရင်တော့ ပိုသင့်တော်လိမ့်မယ်ထင်ပါတယ်။ ဒါပေမယ့် ကိုအောင်ဝေး အမေးရှိတော့ ကျွန်တော်လည်း အဖြေရှိရမှာပေါ့။ ကိုယ့် Opinion နဲ့ ကိုယ် ဖြေကြည့်ရတာပေါ့။ ကိုအောင်ဝေး ပြောတဲ့ 'စကားပြေကဗျာသည် စကားပြေ မဟုတ်ဘူး၊ ကဗျာပဲဖြစ်တယ်' ဆိုတာကို ကျွန်တော် ရာခိုင်နှုန်းတော်တော်များများ ထောက်ခံပါတယ်။ ဒါပေမယ့် ဒါကို ကျွန်တော့်သဘော အလိုအတိုင်းပဲ ပြောရမယ်ဆိုရင်တော့ ' The

prose poems is the prose poem ’လို့ ပဲ ထားလိုက်ချင်ပါတယ်။ ဒါပေမယ့် ဒါကိုနောက်ဆက်တွဲ ထပ်ပြောနိုင်တာကတော့ ဒီ prose poem ဆိုတာဟာ ကဗျာပုံစံတွေ အမျိုးမျိုးရှိတဲ့အထဲက အမျိုးအစား တစ်ခုဖြစ်တယ်ဆိုတာပဲ ဥပမာ- Visual Poem, Concrete Poem, Found Poem, Performance Poem စတဲ့အမျိုးအစား သတ်မှတ်ချက်တွေထဲက သတ်မှတ်ချက်တစ်ခု၊ ပုံစံတစ်ခုပဲ။ သူက စကားပြေ Style နဲ့ကဗျာကို ဖန်တီးတာ။ ကဗျာပဲ။ စကားပြေကို ဖန်တီးတာ မဟုတ်ဘူး။ စကားပြေ မဟုတ်ဘူး။ ဒါကြောင့် Prose Poem ဆိုတာ စကားပြေ မဟုတ်တော့တာ သေချာတယ်။ ပြီးတော့ ဒီ Prose Poem ရဲ့ ပေးတဲ့ Taste က စကားပြေ Taste မဟုတ်ဘူး။ စကားပြေမှာရှိတဲ့ Technique တွေ၊ Force တွေကိုသုံးပြီး ကဗျာ Taste ကိုပေးတာ။ ရိုးရိုးကဗျာ ပုံစံတွေကနေ ပေးတဲ့ Taste တွေနဲ့ လည်းမတူကွဲပြားတဲ့ Taste တစ်မျိုးပေါ့။

Prose Poem ကို နိုင်ငံတကာ ကဗျာဆရာတွေ အများကြီး ရေးကြပါတယ်။ အမေရိကန် Beat Generation အုပ်စုထဲက Allen Ginsberg တို့၊ Jack Kerouac တို့၊ Lawrance Ferlinghetti တို့ ရေးခဲ့ကြတယ်။ အခုဂျပန်မော်ဒန်ကဗျာဆရာတွေလည်း ရေးနေကြတယ်။ ဂျပန်နိုင်ငံ ကျိုတို (Kyoto)ရဲ့ Modernist Group ထဲက ခေါင်းဆောင်ကဗျာဆရာတစ်ယောက် ဖြစ်တဲ့ Takashi Arima ဆိုရင် Prose Poemတွေ အများကြီးထဲရေးခဲ့တယ်။ ကျွန်တော်သူ့ Prose Poemတွေကို တော်တော်လေးကြိုက်ဖူးတယ်။ တော်တော်လေးလည်းအရသာရှိတာပဲ။ သူ့ရဲ့ ‘ Cattle in India’တို့၊ ‘Dancing Lady’တို့၊ ‘ Devilfish’တို့ကျွန်တော်ကြိုက်တယ်။ ရေးသားတင်ပြထားပုံက စကားပြေအတိုင်းပဲ။ ရိုးရိုးရှင်းရှင်းနဲ့ စာပိုဒ်တွေခွဲပြီး ရေးထားတယ်။ လုံးဝကဗျာမဆန်ဘူး။ စကားပြေမှ စကားပြေ ပုံသဏ္ဍာန်ပဲ။ ဒါပေမယ့် အဲဒါ Prose Poem။ ကဗျာပဲ။ စကားပြေ

တော့ မဟုတ်ဘူး။ ဝတ္ထု မဟုတ်ဘူး။ အက်ဆေး မဟုတ်ဘူး။ ဆောင်းပါး မဟုတ်ဘူး။ Prose Poem ပဲ။ နိုင်ငံတကာမှာတော့ Prose Poem ဆိုတာ စာပေပုံသဏ္ဌာန် တစ်ခုအဖြစ် သတ်မှတ်ထားပြီးကြပါပြီ။ ဒီမှာတော့ဗျာ/ပြေကိစ္စက နည်းနည်းရှုပ်ထွေးတုန်းထင်ပါရဲ့။ ကဗျာဆိုတဲ့ သတ်မှတ်ချက်ကလည်း ခက်တော့ အခက်သားပါပဲ။ ဒါကလည်း သတ်မှတ်လက်ခံတဲ့ လူတစ်ဦးချင်းစီရဲ့ စိတ်ခံစားမှုနဲ့ သဘောထားပေါ်မှာ မူတည်လိမ့်မယ်။ လူတစ်ဦးနဲ့ တစ်ဦး စံနှုန်းတွေက မတူညီနိုင်ဘူး။ ပြီးတော့ ခေတ်တွေကလည်း ပြောင်းကုန်ပြီ။ ပြောင်းလဲလာတာတွေကို လက်မခံနိုင်တာကတော့ လက်မခံနိုင်သူရဲ့ ကိစ္စပဲ။ မတတ်နိုင်ဘူး။ သူလက်မခံလို့ ပြောင်းလဲနေတာတွေက ရပ်တန့်မသွားဘူး။ ရပ်တန့်သွားအောင်လည်း သူဘာမှလုပ်နိုင်မှာ မဟုတ်ဘူး။ အသံကုန်ဟစ်အော်နေလည်း အာညောင်းပြီး သေရုံပဲရှိလိမ့်မယ်။ ဒါထားပါတော့။

ဒီမှာလည်း Prose Poem တွေ ရေးနေကြတာ တွေ့ရပါတယ်။ ကိုဇေယျာလင်းတို့၊ ကိုငြိမ်းဝေတို့ ရေးကြတယ်။ ကိုထွန်းဝေမြင့်တို့၊ မြင့်မိုးတို့လည်းရေးကြတယ်။ အခုခေတ် လူငယ်ကဗျာဆရာတွေလည်း တော်တော်ရေးလာကြတယ်။ ကျွန်တော်လည်း ရေးပါတယ်။ Prose Poem မှာ ပြောရရင် Prose Poem အတိုင်း ရေးကြတာရှိတယ်။ ပြီးတော့ ကဗျာကိုပဲ ကဗျာဆန်တဲ့ပုံစံကိုဖျောက်ပြီး စကားပြေဆန်တဲ့ ပုံစံနဲ့ရေးကြတာမျိုး ရှိတယ်။ ကဗျာဆရာဆိုတာက အသစ်ကို အမြဲရှာဖွေစမ်းသပ်ချင်နေတဲ့ လူစားမျိုး။ ပုံသဏ္ဌာန်တစ်ခုခုထဲမှာ ကြာကြာနေသွားရင် ငြီးငွေ့သွားတယ်။ မနေချင်တော့ဘူး။ မလုပ်ချင်တော့ဘူး။ ပျင်းသွားပြီ။ ဒါကြောင့် သူနောက်တစ်နေရာကိုရွှေ့တယ်။ ရှာဖွေတယ်။ လုပ်တယ်။ ကိုအောင်ဝေးတောင်မှ မကြာခဏဆိုသလို စမ်းသပ်ချက်အသစ်တွေ၊ ကိုယ်မလုပ်ကြည့်ရသေးတဲ့ ကဗျာပုံစံအသစ်တွေ လုပ်ကြည့်ဖြစ်နေတာပဲ မဟုတ်လား။ လူတွေက ဒါကိုစတန့်ထွင်တာလို့ ပြောချင်လည်း

ပြောကြမှာပေ့ါဗျာ။ ဒါပေမယ့် ဒါကို ဒီလိုလေး လုပ်လိုက်ရလို့ ကိုယ် အာသာပြေသွားတာပဲ မဟုတ်လား။ Satisfaction ရသွားတာပဲ မဟုတ်လား။ Edwardde Bono ရဲ့ စကားလုံးအသုံးနဲ့ ငှားပြောရရင် တော့ ကဗျာရေးတယ်ဆိုတာဟာလည်း Intellectual Masturbate လုပ်ဆောင်ခြင်းတစ်မျိုးပဲ မဟုတ်လား။ ကဲ . . . Prose Poem အကြောင်း ပြောနေရင်းက ဘယ်နားရောက်သွားပြန်ပြီလဲ မသိဘူး။ ကျွန်တော်က စကားပြောရင် ဒီလိုပဲ ဟိုဝေ့ဒီဝေ့နဲ့။ စာရေးတော့လည်း ခပ်ဝေ့ဝေ့ပဲ။ ဘဲဥ(ထူးအိမ်သင်)နဲ့ ကြွက်နီ(သိမ်းတင်သား)ဆိုရင် ကျွန်တော်ဝေ့လွန်းလို့ သည်းမခံနိုင်ကြဘူး။

"မဲခေါင်'ကဗျာမှာ စကားပြောဟန်၊ စကားပြေ Style တွေသုံးထားပေမယ့် Prose Poem လို့တော့ ပြောဖို့ခက်မယ် ထင်ပါ တယ်။ ရှေ့မှာတုန်းက ပြောခဲ့သလိုပဲ ကျွန်တော်ကတော့ ဒီကဗျာကို Enviromental Inspiration နဲ့ ရေးခဲ့တာပဲ။ ရေးပြီးတော်တော်လေး ကြာမှ အဲဒီကဗျာကို ပြန်ဖတ်ကြည့်ရင်း ကိုယ့်ဘာသာကိုယ် ပြန်သတိ ထားမိတာကတော့ ကဗျာရဲ့ Style နဲ့ Flow တွေမှာ Allen Ginsberg ရဲ့ 'America' နဲ့ ' Europe! Europe!' ကဗျာတွေရဲ့ Influence တွေနည်းနည်းဝင်နေတယ်။ ဒါကလည်းဖြစ်မှာပဲ။ ကျွန်တော်ကလည်း အဲဒီကဗျာတွေကို ကြိုက်လို့ ဘာသာတောင် ပြန်ဖူးထားတာကိုး။ မသိစိတ်ထဲကနေ စွဲလမ်းကပ်ငြိနေမှာပေ့ါ။ ကဗျာရေးနေတဲ့ အချိန်မှာတော့ အဲဒါတွေကို သတိမရအားပါဘူး။ Mood ရနေတုန်းလေး ကိုယ့်ဇောနဲ့ကိုယ် တွန်းရေးဖြစ်နေခဲ့တာကိုး။ တော်တော်ကြီးကြာမှ ပြန်သတိထားမိခဲ့တာပါ။ သူ့ဘာသာသူ Automatic ဖြစ်သွားတော့လည်း ဘယ်တတ်နိုင်ပ့ါမလဲ။ ဒီကဗျာ ရေးဖြစ်ခဲ့တာကိုတော့ ကိုယ့်ဘာသာကိုယ် အားရကျေနပ်ပါတယ်။ ဒါပေမယ့် အကောင်းစား၊ ပထမတန်းစား ကဗျာတစ်ပုဒ်တော့ မဟုတ်ပါဘူး။

**ဒီနေ့ မြန်မာကဗျာ ရေစီးကြောင်းအပေါ်မှာ လူငယ် တစ်ယောက်အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ကိုအောင်ဝေးက လူငယ်ဆိုလို့သာ လူငယ်လိုက်ရတော့ မယ်။ ဒါပေမယ့် အခုကျွန်တော့်အသက်က ၃၉ ထဲမှာ။ ၄၀ တန်းထဲ ရောက်နေပြီ။ ကိုအောင်ဝေးက ကျွန်တော့်ထက် ၁၀ နှစ်ကြီးတာ ဆိုတော့ အခုဆိုရင် ကိုအောင်ဝေးလည်း ၅၀ တန်းထဲ ရောက်နေပြီ ပေါ့။ ကျွန်တော်တို့အသက်တွေ မငယ်လှတော့ဘူး။ ဒါပေမယ့် ကိုယ့်ကိုကိုယ်တော့ လူငယ်လေးတစ်ယောက်လို့ပဲ ထင်နေမိတုန်းပဲ။ လူကြီးမဖြစ်သေးဘူး။ လူငယ်လူလတ်ပိုင်းပေါ့။ လူငယ်လို့ပြောတာကို ကျေးဇူးတင်ပါတယ်။

လူငယ်တစ်ယောက် အနေနဲ့ ဒီနေ့မြန်မာကဗျာ ရေစီး ကြောင်းအပေါ် ဘယ်လိုမြင်သလဲဆိုတော့ အများမြင်သလိုပဲ အရှိန် အဟုန် အားကောင်းမောင်းသန်နဲ့ စီးဆင်းနေတဲ့ ရေစီးကြောင်း တစ်ခုပဲလို့ မြင်ပါတယ်။ ကျွန်တော်တို့ အပါအဝင် ဒီရေစီးကြောင်းထဲ မှာ အုတ်အရောရော ကျောက်အရောရောတော့ ရှိတာပေါ့။ ဒါပေ မယ့် ဘယ်လိုပဲပြောပြော ဒီနေ့ ရေစီးကြောင်းက မနေ့က ရေစီး ကြောင်း မဟုတ်တော့ဘူး။ ပြောင်းလဲသွားပြီ။ မဂ္ဂဇင်းမှာ ကျွန်တော် တို့ ကဗျာရေးခါစ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်တုန်းက ကဗျာရေစီး ကြောင်းက အနေအထားတစ်မျိုး။ အခုလိုမဟုတ်သေးဘူး။ လွတ်လပ်မှုရှိတဲ့ ပုံသဏ္ဌာန်သစ်ကဗျာအတွက် အတော်ကလေး တိုက် ယူနေရတဲ့ အနေအထား။ အဟောင်းသမားတွေကလည်း အသစ် သမားတွေကို ကြုံရင်ကြုံတာနဲ့ ချေမှုန်းပစ်နေတဲ့ အနေအထား။ ပြီးတော့ အဲဒီအချိန်က စာနယ်ဇင်းလောက အနေအထားကလည်း အခုလောက် ဖွံ့ဖြိုးကျယ်ပြန့်မှု မရှိသေးဘူး။ နောက်တစ်ခုက အဲဒီ အချိန်တုန်းက သွားနေကြတဲ့ Trendem Leftism Trend ။ Centralized လုပ်ထားတဲ့ Trend နဲ့ သွားနေခဲ့ကြတာ။ အခုတော့

ပွင့်သွားပြီ။ပြောင်းသွားပြီ။ Decentralization ကို လက်ခံကျင့်သုံး လာတဲ့ အမြင်သစ်အတွေးသစ်တွေနဲ့ လွတ်လပ်စွာ ကွဲပြားခွင့်လည်း ရှိနေပြီ။ ကဗျာမှာ၊ စာပေအနုပညာမှာ ဟိုအရင်ကလို Art for people sake ဆိုတာမျိုးတွေထက် တစ်သီးပုဂ္ဂလိကဆန်မှုတွေ ပိုများ လာတယ်။ ပြောရရင် လူတစ်ဦးချင်းစီရဲ့ Value of Identity တွေ ပိုမြင့်မားလာတယ်။ ဦးစားပေးလာတယ်။ ပညာရှင် ပညာတတ် ဆန်လာတယ်။ ဒါဟာ သိသာတဲ့ ပြောင်းလဲခြင်းတွေပဲ။

ဒီနေ့ခေတ်မှာ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ ဟောတစ်စောင် ဟောတစ်စောင်နဲ့ မှိုလိုပေါက်များပြားလာသလို လူငယ် ကဗျာဆရာ၊ စာရေးဆရာတွေလည်း အများကြီး တိုးပွားပေါ်ထွန်းလာတယ်။ သူတို့အတွက်လည်း အရင်ကထက် အခွင့်အရေးတွေ ပိုရလာကြ တယ်။ ဘာပဲပြောပြော အရေအတွက် အားကောင်းလာတော့ အမှန် ပဲ။ ဒါပေမယ့် အရည်အချင်း၊ အရည်အသွေးဆိုတာက ရှိသေးတယ်။ ဒါကိုလည်း ကြည့်ရဦးမယ်။ ကျွန်တော့်အမြင်အရ ပြောရမယ်ဆိုရင် တော့ ဒီနေ့လူငယ် ကဗျာဆရာအသစ်တွေက အရည်အသွေး မညံ့ လှဘူး။ တချို့ဆို တော်တော့်ကို ထူးထူးခြားခြား ထက်ထက်မြက်မြက် ရှိလှတာ တွေ့ရပါတယ်။ အားရစရာတွေပါပဲ။ ဒါပေမယ့်လည်း အားလုံးကို ခြုံကြည့်လိုက်တဲ့အခါမျိုးမှာ တစ်ယောက်နဲ့တစ်ယောက် မနီးရိုးစွဲ ဖြစ်နေတာမျိုးတွေ၊ Style တစ်ခုတည်း နောက်ကို ဝိုင်းလိုက် နေကြတာမျိုးတွေ၊ မသစ်သစ်အောင် တမင် လိုက်သစ်ပြနေတာမျိုး တွေကိုတော့ တွေ့မြင်နေရမှာပဲ။ အဲဒီ အထဲကမှ ဘယ်သူ ဘယ်လောက် ဖောက်ထွက်နိုင်မလဲ၊ ဘယ်ကဗျာကဖြင့် တင်ကျန်ခဲ့ မှာပဲ ဆိုတာတွေကိုတော့ စောင့်ကြည့်ရမှာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ လေ လူငယ်တွေရဲ့ ဒီနေ့ခေတ်ကဗျာ ရေစီးကြောင်းကို ကျွန်တော် ကတော့ ကောင်းတဲ့လက္ခဏာ ရှိတယ်လို့ပဲ မြင်ပါတယ်။ ပြီးတော့ ကိုအောင်ဝေးပြောသလို ကျွန်တော်ကလည်း လူငယ်တွေထဲက လူငယ်တစ်ယောက်ပဲလေ။

# ဗဟုကဗျာရေစီး နှင့် မော်ဒန်ဝဲ

## မျက်မှောက်ခေတ် မြန်မာကဗျာလှေ့လာချက်

သစ္စာနီ



# ဗဟုကဗျာရေစီး နှင့် မော်ဒန်ဝဲ

## မျက်မှောက်ခေတ် မြန်မာကဗျာလေ့လာချက်

မြန်မာကဗျာအကြောင်း ပြောကြရအောင်။

အဓိပ္ပာယ်က မြန်မာတွေရေးတဲ့ ကဗျာအကြောင်းပေါ့။ အဲဒါကိုပဲ နည်းနည်းတိကျအောင် ထပ်ပြောရရင် ဒီနေ့ခေတ် မြန်မာကဗျာအကြောင်း ဆိုပါတော့။ (သမိုင်းနဲ့ချီပြီး ပြောရအောင် မရည်ရွယ်ပါဘူး။)

အဲသလိုပြောမယ်ဆိုတော့ "ကဗျာဆိုတာ ဘာလဲ"လို့ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ဖို့ စတင်လိုအပ်လာပါတယ်။ အဲဒါကလည်း ကျယ်ဝန်းလွန်းလှတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကဗျာဆိုတာ အချိန်တိုင်းမှာ နေရာတိုင်းမှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ရှိနေတတ်တဲ့အရာလို့ ကျွန်တော်က လက်ခံထားလို့ပဲ။ ဒီတော့ ဒီနေရာမှာ ဒီလောက်ကျယ်ကျယ်ပြန့်ပြန့် မဟုတ်ဘဲ ကဗျာဆိုတာ စာနဲ့ရေးသားတင်ပြထားတဲ့ (ဒါမှမဟုတ်) စကားလုံးတွေကို ကြားခံပစ္စည်းအဖြစ် အသုံးပြုထားတဲ့ (ကဗျာ) တစ်မျိုးတည်းကိုပဲ ကွက်ပြီး ဆိုလိုတယ်လို့ ကျွန်တော်တို့ ခင်ဗျားတို့ ခဏသဘောတူထားလိုက်ကြရအောင်။ (နောက်ဆုံး ရွတ်တဲ့ကဗျာ အတွက်တောင် မရည်ရွယ်ဘူးဆိုပါတော့။)

ကဗျာဆိုတာဘာလဲ။

ဒီမေးခွန်းကိုဖြေတဲ့ ကျွန်တော့်ရဲ့အဖြေက ခြွင်းချက်မဲ့ပြီး ပြည့်စုံတဲ့ အဖြေမဖြစ်နိုင်လောက်ဘူးဆိုတာကိုလည်း ကြိုတင်အသိပေးထားလိုပါတယ်။ ကဗျာကို ကိုယ့်အမြင်နဲ့ကိုယ်၊ ကိုယ့်ရှုထောင့်နဲ့ကိုယ် အဓိပ္ပာယ်ဖွင့်ဆိုနေကြတဲ့ အထဲက သမုတိသဘောတစ်ခုလို့သာ သဘောထားကြစေချင်ပါတယ်။

ကဗျာဆိုတာဘာလဲ။

ကဗျာဆိုတာ-

၁။ ကဗျာမဆန်ရဘူး။

(ကဗျာမဆန် ဆန်အောင် ဇွတ်လုပ်နေကြတယ်။)

၂။ ဝေါဟာရ ဖက်ရှင်ရှိုး မဟုတ်ဘူး။
(စကားလုံးနွံထဲ နစ်နေကြတယ်။)
၃။ နက်ရှိုင်းရမယ်။
(အနှစ်မပါဘဲ အဆံချောင်နေတာ တွေ့ရတယ်။)
၄။ ကြည်လင်ရမယ်၊ သန့်စင်ရမယ်။
(ဖန်တီးမှုမဟုတ်ဘဲ ဝိုးတိုးဝါးတား ဖြစ်နေတယ်။)
၅။ ရိုးသားရမယ်။
(ဟန်ဆောင်တာတွေ၊ ဟန်လုပ်တာတွေ များနေတယ်။)
၆။ သစ်လွင်ရမယ်။
(မဲပြာပုဆိုး မဖြစ်ရဘူး။)
၇။ ဣန္ဒြေရှိရမယ်။
(ကလက်တက်တက်နဲ့ဂုဏ်သိက္ခာကင်းမဲ့နေတယ်။)
၈။ ခွန်အားရှိရမယ်။
(ပျော့ညံ့ချည့်နဲ့ မနေဘူး။)
၉။ တီထွင်မှုရှိရမယ်။
(စတန့်လုပ်တာနဲ့ မခွဲတတ်ကြဘူး။)
၁၀။ ကိုယ်ပိုင်ဟန်ရှိရမယ်၊ ဆန်းရဲရမယ်။
(နာမည်ကြီးတဲ့လူနောက်၊ ရေစီးကြောင်းနောက်
လျှောက်လိုက်နေကြတယ်။)
၁၁။ အပြည့်အဝ လွတ်လပ်မှုရှိရမယ်။
(ကဗျာနဲ့ပတ်သက်ပြီး ငွေကြေးမျှော်လင့်ချက်ထားသူ
အင်မတန်နည်းပေမယ့် ကဗျာရေးသူ အတော်
များများဟာ နာမည်ကြီးချင်မှု၊ အများကြိုက် ခံချင်မှု
စတဲ့ အနှောင်အတည်းတွေနဲ့ ရည်ရည်ရွယ်ရွယ်ပဲ
ငြိနေတတ်ကြတယ်။)
၁၂။ အထက်တန်းကျတဲ့ အလှတရားနဲ့ ပြည့်စုံရမယ်။
၁၃။ ကာလနဲ့ ဒေသသဘောက ကင်းလွတ်နေရမယ်။

ဒါတွေက လတ်တလောစိတ်ထဲရှိတာလောက် ပြောလိုက်တဲ့၊ ကဗျာရဲ့ ယေဘုယျလက္ခဏာ(ဒါမှမဟုတ်) ကဗျာဂုဏ်ရည် တချို့ပေါ့။ ဒီအချက်အလက်တွေနဲ့ ပြည့်စုံတယ်ဆိုရင်ပဲ ကျွန်တော့်အနေနဲ့ အဲဒီအရာကို ကဗျာလို့ လက်ခံဖို့ ဝန်မလေးတော့ဘူး။

ကဗျာနဲ့ပတ်သက်လို့ ယာယီသဘောတူညီမှုရရင် မျက်မှောက်ခေတ် မြန်မာကဗျာအခြေအနေကို သုံးသပ်ကြည့်ရအောင်။

ဒီနေ့ မြန်မာနိုင်ငံမှာထွက်နေတဲ့ မဂ္ဂဇင်းတွေရဲ့ ၉၀ ရာခိုင်နှုန်း လောက်ဟာ ကဗျာကို ထည့်သွင်းဖော်ပြနေတာ တွေ့ရတယ်။

အဲဒီကဗျာတွေကို အမျိုးအစား ခွဲကြည့်လိုက်တော့-

(က) ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့ ခင်းခဲ့တဲ့ ခေတ်စမ်းကဗျာ လမ်းကြောင်းအတိုင်း လျှောက်လိုက်နေဆဲဖြစ်တဲ့ ကဗျာများ။ အခုခေတ်မှာတော့ **ခေတ်စမ်းသစ်**လို့ ခေါ်ကြပါတယ်။ မြဝတီ၊ ငွေတာရီ အစရှိတဲ့ မဂ္ဂဇင်းတွေထဲမှာ ပါတတ်တဲ့ ကဗျာအမျိုး အစားတွေ ဖြစ်ပါတယ်။

(ခ) စာပေသစ် ခေါင်းဆောင် ဆရာ ဒဂုန်တာရာ၊ ပြည်သူ့ကဗျာဝါဒ ခေါင်းဆောင်ဆရာဒေါင်းနွယ်ဆွေတို့ ခင်းခဲ့တဲ့လမ်းကြောင်း အတိုင်း လျှောက်လှမ်းနေကြဆဲ ကဗျာများ။ ခုခေတ်မှာ တော်လှန်ကဗျာဆိုတဲ့အမည်နဲ့ အဲဒီအမွေကို ဆက်ခံခဲ့ကြ ပါတယ်။ အကြမ်းအားဖြင့် အနုပညာသည် ပြည်သူ့အတွက် ဆိုတဲ့ မူဝါဒနဲ့ နိုင်ငံရေးစံကို ကိုင်ဆွဲဖွဲ့ဆိုတဲ့ ကဗျာမျိုးတွေ ဖြစ်ပါတယ်။

(ဂ) နောက်အမျိုးအစားကတော့ ၁၉၇၀ ပြည့်နှစ်တစ်ဝိုက် လူငယ် ကဗျာဆရာတွေ စုစည်းကြိုးပမ်း ထူထောင်ခဲ့ကြတဲ့ မော်ဒန် ကဗျာလမ်းကြောင်း ဖြစ်ပါတယ်။ (မော်ဒန်ကဗျာဝါဒ သဘော တရားကို သီးခြားလေ့လာကြ စေလိုပါတယ်။)

မျက်မှောက်ခေတ် မြန်မာကဗျာကို လေ့လာလိုက်ရင် အဲသလို သိသာ ထင်သာတဲ့ ကဗျာအမျိုးအစားတွေ ထွေးရောယှက်တင် သူ့နေရာနဲ့သူ ရေးဖွဲ့ဖြစ် ထွန်းနေတာ တွေ့ရပါတယ်။ ဒီနေ့ ကဗျာရေစီးဟာ ဗဟုကဗျာရေစီးလို ပြောရရင် လွဲနိုင်စရာ မရှိပါဘူး။ အဲဒီရေစီးထဲမှာ အထင်ရှားဆုံး အင်အားအကောင်းဆုံး တွေ့မြင်ရတာကတော့ မော်ဒန်ကဗျာဆိုတဲ့ ဝဲကတော့ကြီးပါပဲ။ (ရှေးရိုးအစဉ် မြန်မာကဗျာအမျိုးအစား လေးချိုး၊ ရတု၊ တေးထပ်ဆိုတာတွေလဲ လုံးဝ ပျောက်ကွယ် မသွားသေးပါဘူး။ ကျေးလက်အလှူအတန်းတွေ၊ ဇာတ်အငြိမ့်ပွဲ တွေနဲ့ မင်းခမ်းမင်းနားတွေမှာ တွေ့နေရပေမယ့် အားမကောင်းလှတာရယ်၊ ဒီခေတ် ဖွံ့ဖြိုးလာစရာအကြောင်း မရှိတာရယ်ကြောင့် အမျိုးအစား တစ်ခုအနေနဲ့ ထည့်သွင်း မရည်ရွယ်ဘဲ ချန်လှပ်ထားခဲ့ပါတယ်။)

ဒါကြောင့် ဒီနေ့မြန်မာကဗျာရဲ့ လက္ခဏာကို မော်ဒန်လက္ခဏာလို့ အကဲဖြတ်သူတွေက အကဲဖြတ်ပါတယ်။ အဲဒီမှာလဲ ဖြစ်ရိုးဖြစ်စဉ်အတိုင်း မော်ဒန်ကဗျာတွေဟာ အရောရော အထွေးထွေး ဖြစ်နေပါတယ်။ မူလအယူဝါဒကို မစွန့်ဘဲ အကြောင်းတစ်ခုခုကြောင့် မော်ဒန်အလံအောက် ခိုဝင်လာတဲ့သူတွေ ရှိတယ်။ အဲဒီမှာ ခေတ်စမ်းမော်ဒန်တို့၊ တော်လှန်မော်ဒန်တို့ ဖြစ်လာတာပါပဲ။ မော်ဒန်မှ မော်ဒန်ဆိုတဲ့နေရာမှာလည်း အစ်ဇင်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ ထင်ရာမြင်ရာ ကွဲပြားနေကြတာ တွေ့ရတယ်။ အဓိကကတော့ မော်ဒန် သဘောတရားရေးရာ အားနည်းတဲ့ ချို့ယွင်းချက်ကြောင့်ပါပဲ။

ဒီနေ့ခေတ် လူငယ်မော်ဒန်ကဗျာဆရာတွေရဲ့ အလုပ်(တာဝန်)ဟာ ကြန်အင်လက္ခဏာ၊ ကဗျာဂုဏ်ရည်ပြည့်ဝတဲ့ ကဗျာတွေနဲ့၊ စစ်မှန်တဲ့ မော်ဒန် သဘောတရားရေးကို ပေါင်းစပ်ပေးရေးပဲလို့ ယူဆပါတယ်ခင်ဗျား။ ဆက်လက် လေ့လာနိုင်ကြပါစေ။

**သစ္စာနီ**

# ၂၀၀၃ခေတ်ပြိုင် ကဗျာ

[၂၀၀၃ခုနှစ်ထုတ် (ဇန်နဝါရီမှ အောက်တိုဘာထိ)
မြန်မာမဂ္ဂဇင်းများမှ ရွေးချယ်ချက်]

အောင်ဝေး တာဝန်ယူ ရွေးချယ်သည်

# ကဗျာအမည်၊ ကဗျာဆရာအမည်နဲ့ ဖော်ပြပါရှိ မဂ္ဂဇင်းအမည်စာရင်း

၁ **ညနေခင်းမှိုင်းမှောင် (မောင်သင်းခိုင်)** ဖက်ရှင်၊ ဇန်နဝါရီ ၂ **အမေ့လင်းယုန် (မိုယ်းဇော်)** ရုပ်ရှင် တေးကဗျာ၊ ဇန်နဝါရီ ၃ **စုထားတဲ့ ရှုခင်း (ဝေမှူးသွင်)** စတိုင်သစ်၊ ဇန်နဝါရီ ၄ **ပျင်းရိသူ(၂) (နေမျိုး)** ဟန်သစ်၊ ဖေဖော်ဝါရီ ၅ **သဘာဝသမိုင်းပြတိုက်မှူး (ဇေယျာလင်း)** Image ၊ ဖေဖော်ဝါရီ ၆ **ပြည် (ချမ်းငြိမ်းအေး)** မြားနတ်မောင်၊ ဖေဖော်ဝါရီ ၇ **ရာသီလွန် မိုးတိမ် (လင်းဝေးခက်)** ဟန်သစ်၊ ဖေဖော်ဝါရီ ၈ **ငှါညများ (ခရမ်းပြာထက်လူ)** မဟေသီ၊ ဖေဖော်ဝါရီ ၉ **မိသားစု (စိုင်းဝင်းမြင့်)** ချယ်ရီ၊ ဖေဖော်ဝါရီ ၁၀ **တြိ (မောင်နီဦး)** စတိုင်သစ်၊ မတ် ၁၁ **မြစ် (ထွန်းဝေမြင့်)** စိမ်းရောင်လွင်၊ မတ် ၁၂ **တောလမ်းလေးအတိုင်း (ဝင်းမောင်)** ဟန်သစ်၊ မတ် ၁၃ **လမ်း ၃၀ထိပ်က ခရမ်းသို့ (ခိုင်မြကျော်စွာ)** ရုပ်ရှင်တေးကဗျာ၊ မတ် ၁၄ **ဆပ်ကပ် (အဲချို)** မြားနတ်မောင်၊ ဧပြီ ၁၅ **ဆပ်ကပ်သမား (ရိုးသက်)** ရုပ်ရှင်တေးကဗျာ၊ ဧပြီ ၁၆ **ဝိညာဉ်မဲ့သော (အေးဘကျော်)** မြားနတ်မောင်၊ ဧပြီ ၁၇ **ရောင်စုံဘောလ်ပင် (ကိုရွှေး)** စိမ်းရောင်လွင်၊ ၂၀၀၃၊ ဧပြီ ၁၈ **မင်းသတိထား (ထီလာစစ်သူ)** မဟေသီ၊ ဧပြီ ၁၉ **ယဇ်ပူဇော်ပွဲ (ဒဂုန်တာရာ)** ရုပ်ရှင်တေးကဗျာ၊ ဧပြီ ၂၀ **အမြဲစိမ်းတေး (မောင်ဆေးရိုး)** Idea ၊ ဧပြီ ၂၁ **ကျာပွတ်သီချင်း (နိုင်မွန်အောင်သွင်)** ရုပ်ရှင်တေးကဗျာ၊ ဧပြီ ၂၂ **တရား (၁) (ဟင်နရီမိုး)** ရန့်သစ်၊ မေ ၂၃ **ကဘူးလ်မြို့တော်ပေါ်က တေးသံ (အောင်ဆု)** သောင်းပြောင်းထွေလာ၊ မေ ၂၄ **ပရိဘောဂများ (မြင့်မိုးအောင်)** ဟန်သစ်၊ မေ ၂၅ **မျက်ရည်လွယ်တဲ့အရောင် (ဟိန်းမြတ်ဇော်)** ရတီ၊ ဇွန် ၂၆ **ညီအစ်ကိုများ(ဝိုင်ချို)** ချယ်ရီ၊ ဇွန် ၂၇ **မြစ်ယောင်ယောင် (စန်းဦး)** ရုပ်ရှင်အမြုတေ၊ ဇွန် ၂၈ **မြို့ရိုင်းရဲ့ခေါင်း (ဖြူမွန်)** ရန့်သစ်၊ ဇွန် ၂၉ **သေနတ်သမား (တိုးနှောင်မိုး)** နွယ်နီ၊ ဇွန် ၃၀ **မီးကွင်း (မျိုးမင်းညိန်း)** Image ဇွန် ၃၁ **မုဆိုးမရဲ့စက်ဘီး (သောင်းပြောင်းထွေလာ)** သင်းရည်လွင်၊ ဇွန် ၃၂ **ဘုရားကြီး (ဆွေငြိမ်းသော်)** Image ၊ ဇွန် ၃၃ **ကျီးကန်း (မောင်ဖီလာ)** ပိတောက်မြေ၊ ဇွန် ၃၄ **မိုး (မြင့်ဦးဦးမြင့်)** Idea ၊ဇူလိုင် ၃၅ **မိုး (မင်းထက်မောင်)** သရဖူ၊ ဇူလိုင် ၃၆ **မှော်သစ်ပင် (မောင်နီမွန်)** မြားနတ်မောင်၊ ဇူလိုင် ၃၇ **ပန်းချီ (မိုးဝေး)** ရုပ်ရှင်တေးကဗျာ၊ ဇူလိုင် ၃၈ **အိမ်ကွင်း (အောင်ခိုင်မြတ်)** မြားနတ်မောင်၊ ဇူလိုင် ၃၉ **ပျင်းစရာကောင်းတဲ့နေ့က ငှက်တစ်ကောင်အကြောင်း (ဇော်ထိန်)** ကလျာ/စတိုင်သစ်၊ ဇူလိုင် ၄၀ **မီးအကြွင်း (ကြည်ဇော်အေး)** Heart ၊ ဇူလိုင် ၄၁ **မူဆယ်မြို့ (ပြေမြင့်)** Heart ၊ ဇူလိုင် ၄၂ **နာနာဘာဝစာအုပ် (ခင်အောင်အေး)** ရုပ်ရှင်အမြုတေ၊ ဩဂုတ် ၄၃ **ဘုရားသခင်နဲ့ကပွဲ (ပိုင်)** စတိုင်သစ်၊ ဩဂုတ် ၄၄ **အတိဿယဝုတ္တိအတ္ထုပ္ပတ္တိ (စိုးမြင့်သိန်း)** စတိုင်သစ်၊ ဩဂုတ် ၄၅ **ဘဂ္ဂဒက်သားကဗျာဆရာ (နွယ်စိမ်းဝေ)** နွယ်နီ၊ ဩဂုတ် ၄၆ **ဒိုင်နိုဆောနှင့်တွေ့ဆုံခြင်း (ဝေးခေါင်)** Beauty ၊ စက်တင်ဘာ ၄၇ **လူလတ်တန်းစားသောကများနှင့် တနင်္ဂနွေနေ့ကို ရင်ဆိုင်ခြင်း (စေတ)** ရုပ်ရှင်အမြုတေ၊ စက်တင်ဘာ ၄၈ **ငါး (ခင်ဇော်မြင့်)** မြားနတ်မောင်၊ စက်တင်ဘာ ၄၉ **မုဆိုးမရင်ထဲကမြစ် (အောင်နှင်းသစ်)** နွယ်နီ၊ အောက်တိုဘာ ၅၀ **လွယ်အိတ် (လှိုင်းထက်)** ကလျာ၊ အောက်တိုဘာ ၅၁ **ရိုးရိုး မျဉ်းပါးပါးလေး တစ်ကြောင်း (မောင်လင်းရိပ်)** ရတီ၊ အောက်တိုဘာ

## ညနေခင်းမှိုင်းမှောင်

မြူတွေနဲ့ ထူထပ်ပိန်းပိတ်
ဖယောင်းတိုင်ပျော်သွား
မတော်တဆပါပဲလား
အဲဒီညက သူလွှတ်လှ။ ။

**မောင်သင်းခိုင်**

## အမေ့လင်းယုန်

ဝေဒနာကြီးတန်းပေါ် မှာ
အမေ့ရဲ့ ချွေးသုတ်ပဝါလေး
လှမ်းပစ်တင်လိုက်တော့
ကမ်းမမြင် လမ်းမမြင်မုန်တိုင်းထဲ
သားက ပျံသန်းနေဆဲပေါ့။
သားကို သတိရ
သားကို မတွေ့ရတဲ့အခါ
စာနာတတ်တဲ့ငွေကြယ်ကလေးတွေက
အမေ့ဆီ . . . .
ဝမ်းနည်းကြောင်းသဝဏ်လွှာစေလိမ့်မယ်။
လက်ရှိဘဝ
အန္တိမမျှော်လင့်ချက်
အမေတိုက်တဲ့ ရေတစ်ခွက်သာသောက်ချင်ရဲ့။
နောင်ဘဝ၌
လူဖြစ်ခွင့်ရမည်ဆိုပါလျှင်
ပျူငှာယဉ်ကျေးသော ပန်းများ
ပွင့်သော ထိုအင်ကြင်းတောစပ်၌
အမေ့ရဲ့သား ကျွန်တော်ပြန်ဖြစ်ချင်ပါသည်။
ကိုယ့်ကံကြမ္မာကိုယ်ဖွင့်ဆို
ကုသိုလ်၊ အကုသိုလ်တရား
လူပီသစွာ ပွားစည်းမိခဲ့ပါပြီ။
အို. . . နတ်ကောင်း၊ နတ်မြတ်များ
သင်တို့အား အတောင်ပံအဖြစ်တပ်ဆင်
ဟောဒီ နေဝင်ချိန်မှာ
ငါ့အမေရှိရာ ငါပျံသန်းချင်ရဲ့။
ငါ့ရဲ့ဇာစ်မြစ်မှာ
"ဂျူးလိယက်ဖူးချစ်"ကို ငါချစ်ခဲ့တယ်

"ဒေါက်တာ နော်မန်ဗက်သွန်း"ကို
ငါချစ်ခဲ့တယ်
ငါ့ကိုယ်ငါချစ်ခဲ့တယ်
မနက်ဖြန်မှာ
ဒီနေ့မှာ
သေချာတဲ့ သေခြင်းနဲ့
အမေ့အိမ်ဆီပြန်ခဲ့မယ်။
"အချစ်"
"ငြိမ်းချမ်းမှု"
"ကဗျာ"
ကျွန်တော့်ရဲ့ အနှစ်မဲ့ခန္ဓာကိုယ်အား
ကောင်းကင်ဘုံ ထိုထိုမှ
တံခါးဖွင့်ကြိုဆိုကြကုန်လော့။
မြက်တစ်ပင်နွမ်းလည်း
မြက်တစ်ပင်ပြန်လည်စိမ်းလန်းလာမှာပဲ
နွေဦးဆိုတာ
အမြဲတမ်းပုန်းနေနိုင်မတဲ့လား
နှင်းဆီနဲ့
လေညင်းနဲ့
အစွန်းအထင်းမရှိတဲ့ နေဝန်းနီနဲ့အတူ
လှပတဲ့ မိုးသားအဖြူအောက်မှာ
ပြန်လည်ဖူးပွင့်လာရမယ်။
ကဗျာကိုဖတ်ပြီး
ကဗျာကိုမြတ်နိုးတတ်တဲ့ "အမေ"
မသေပါနဲ့ဦးအမေရယ်
နံစော်စော်ပုပ်အဲ့အဲ့လောကကြီးထဲမှာ
သားကို ပစ်မထားခဲ့ပါနဲ့။
သင်္ချိုင်းရတရားတို့ရဲ့
ပြိုကွဲပျက်စီးခြင်းသဘောကိုဆင်ခြင်ဖို့

အမေ့ကို မလွမ်းဖို့
အမေ့ကို သတိမရဖို့
ငါ့မှာတရားမရှိနိုင်ခဲ့ပါ။
အမေဖြစ်တည်ရာ
အဲဒီလောကတစ်ခုမှာ
မိုးတွေရွာချပြီဆိုရင်
အဲဒီမိုးစက်တွေဟာ
ကောင်းကင်ပေါ်က ထိုးဆင်းချလာတဲ့
သားရဲ့အလွမ်းသီချင်းတွေပဲပေါ့
မိုးတိမ်တွေက တစ်ဆင့်
အမေ့ကို ရင်ဖွင့်မယ်
နားသောတဆင်ပါမေ။
အမေ့အရိပ်မှာ
သားအိပ်စက်ဆဲပါပဲ။
အိမ်ပြန်နောက်ကျတတ်တဲ့သားကို
အိမ်ပေါက်ဝက ဆီးကြိုဆဲပါပဲ။
သားရဲ့ နိစ္စဓူဝကိစ္စထဲ
ထာဝရအမေ ရှင်သန်ဆဲပါပဲ။
အမေ့ရဲ့ မေတ္တာလှိုင်းဂယက်ကြောင့်
သမုဒ္ဒရာတွေ သေးငယ်ကုန်ကြတယ်။
ငယ်ငယ်တုန်းကတော့
သားဟာ အမေ့ရဲ့ခွေးလေတစ်ကောင်ပေါ့။
သားဟောင်တာကိုကြည့်
အမေပီတိဖြစ်ခဲ့တယ်။
သားဟာအခုတော့
အမေ့ရဲ့ မျက်ကွယ်က
အမှန်တရားကို ကိုက်ချီထားတဲ့
. . . . . "လင်းယုန်"။ ။

**မိုယ်းဇော်**

## စုထားတဲ့ ရှုခင်း

တိမ်စတွေနဲ့
စိတ်ထဲမှာ လွင့်လာတဲ့အစိမ်း
တစ်ခုရဲ့ဒုက္ခကို တစ်ခုကသုံးဆောင်ကြရဲ့
ဒီမြေ ဒီရေပေါ်
ဘယ်သူတွေသစ္စာရှိခဲ့သလဲ
ဘယ်လောက်အထိအောင် သေချာခဲ့သလဲ။
လောကမှာ လူတွေ
တံခါးဖွင့်သံတွေ
ရေခဲစိမ်ထားတဲ့ သီချင်းတွေ
သူများမျက်လုံးတွေနဲ့လည်း ငိုဖူးတယ်။
ခက်ခဲမှုဟာ တကယ့်စာအုပ်တွေကို
လက်တွန့်သွားစေနိုင်သလား။
နောက်ကိုရှုပ်ရှုပ်ယှက်ယှက်တွေဆီ
ဖုန်းမဆက်တော့ဘူး။
ကျွန်တော်ကတော့
လူလိုပဲ ဆုတောင်းခဲ့ပါတယ်။ ။

**ဝေမျိုးသွင်**

# ပျင်းရိသူ(၂)

ပျင်းရိသူအကြောင်းအတ္ထုပ္ပတ္တိရေးရင်
မင်ကုန်သက်သာတယ်
အကြောင်းက သူဟာ
ဘာမျှဟုတ်တိပတ်တိမလုပ်လို့ဘဲ
ပျင်းရိသူဟာမနက်မိုးလင်းပြီလားလို့
ခြင်ထောင်ထဲကနေလှမ်းကြည့်တယ်
ပျင်းရိသူဟာနေထွက်လာပြီလားလို့
ခြင်ထောင်ထဲကနေလှမ်းကြည့်တယ်
ပျင်းရိသူဟာနေပြောက်တွေနံရံမှာရွေ့လျားနေပြီလားလို့
ခြင်ထောင်ထဲကနေလှမ်းကြည့်တယ်
နာရီကြီးကဒေါင်ဒေါင်ဒင်ဒင်မြည်တော့
ပျင်းရိသူဟာခြင်ထောင်ကိုလှပ်ပြီးနားထောင်တယ်
ဘယ်နှချက်မြည်သွားမှန်းမသိဘူး၊ အများကြီးပဲ
ပျင်းရိသူဟာ ပြီးအောင်မဖတ်ရသေးတဲ့စာအုပ်ကို
            ဒီအတိုင်းထားတယ်
ပျင်းရိသူဟာ အိပ်ရာကထထချင်းဘာလုပ်ရလဲဆိုတာ
            သိတယ်
            သူက
ဆေးလိပ်ကို မီးခိုးထွက်အောင်လုပ်တတ်တယ်လေ။

**နေမျိုး**

## သဘာဝသမိုင်းပြတိုက်မှူး

အပုပ်နံ့ဟာဆိုးဝါးဆုံးပဲ။
စကြာဝဠာတစ်လျှောက်မှာ
မြူထဲမြုပ်နေတဲ့မြို့တစ်မြို့လို
အပုပ်နံ့ပေါင်းစုံပျစ်နှစ်။
စကြာဝဠာအဆုံးကအခန်းထဲမှာ
ပိုထက်တဲ့ စိတ်အပိုင်းနဲ့ အစိတ်စိတ်ပိုင်းဖို့။
လတ်လတ်ဆတ်ဆတ်
နွေးနွေးထွေးထွေး
အသေကောင်တွေ
(သူ့အသုံးအနှုန်းက 'အမှုတွဲသစ်တွေ)
ခုနကပဲလာပို့သွားတယ်
ဟောဒီမှာချင်ပန်ဇီတစ်ကောင်
ဟိုဘက်စားပွဲမှာ သောက်ရူးကြယ်
ကြွပ်ကြွပ်အိတ်ထဲမှာဝေလငါးမန်း။
အပြောမကောင်းတဲ့ဟာတစ်ခုခု
သူလုပ်မနေဘူးဆိုရင်
သဘာဝ အင်ပါယာကြီးရဲ့
အရေခွံအကြောအမျှင်အရိုးစ
သူဆက်စပ်တွဲချုပ်နေမှာပဲ။
ကျောက်ဖြစ်ရုပ်ကြွင်းငှက်ရဲ့မျက်လုံး
ခွေးတူဝက်တူရဲ့ခြေသည်း
လင်းပိုင်ရဲ့စိတ်နေစိတ်ထား
သမန်းကျားရဲ့အတိတ်သမိုင်း
နေ့လယ်စာစားပြီးရင် ဇာမဏီရဲ့အမြင်
အာရုံကြောခွဲစိတ်ကြည့်ရမယ်။
ထမင်းစားခန်းနံရံက
ပို့က်ဘုတ်မှာသတိပေးစာ။

အဝတ်ဗီရိုထဲက
တဒေါက်ဒေါက်ခေါက်နေတာ
အဘယ်အရိုးစုလဲ ဘာလိုချင်လဲ
သွားမေးလိုက်စမ်း။
ဆာပြန်ပြီလား TV ကြည့်ချင်လား
အသွေးအသားတောင်းနေပြန်ပြီလား။
သူ့တစ်သက်မှာ
ရှားပါးသတ္တဝါတော်တော်များများ
မျိုးတုံးသွားကြပြီ။
မတုံးသေးတာက
သူ့အတ္တ၊ ပညာမာန။
သဘာဝတရားခွဲစိတ်ပါရဂူ
မဟာအလျှုဒါန
'သိပ္ပံပညာဟာ
အရောင်းအဝယ်မဟုတ်ဘူး'
အရိုးတစ်စပေး
အကောင်တစ်ကောင်လုံးထုတ်ပြမယ်။
မြေအောက်ခန်းတွေမှာ
အရှင်လတ်လတ်ရှိနေသေးသလိုမျိုး။
သူ့မှတ်တမ်းစာအုပ်ထဲမှာ
ကြိုက်တဲ့အကောင်ပြော
သူလှောင်ထားတယ်
နောင်လာနောက်သားများလေ့လာဖို့။

မရှိတော့တဲ့'မိုအာ'ငှက်ကြီးရဲ့
အိပ်မက်ထဲသူ့ဝတ်ရုံနဲ့
ပျံသန်းလို့။
မျောက်နံ့ရိုးစွန်းမှာ
ခေတ္တ
အပန်းဖြေ
အိမ်ရှေ့မှာအလှဆင်ဖို့လင်းတသည်းခြေ
မြူဆွယ်လို့၊ အားလုံးသတိ
ပြတိုက်မှူးကြီးကြွလာပြီ။

**ဇေယျာလင်း**

# ပြည်

သမင်တံဆိပ်နဲ့
ခေတ္တရာယူနိုက်တက်ကလပ်အသင်းမှာ
အတောက်ပဆုံး အနုပညာရှင်နှစ်ယောက်
ဒီနှစ်မပါဝင်နိုင်တော့ဘူးဆိုတာ
မြစ်ကလည်းသိပါရဲ့။
ဆေးရောင်စုံ ဖျော်စပ်ထားတဲ့ ကဗျာတစ်ပုဒ်လို ဂန္ထဝင်ဆန်ဆန်လှပ
ပဒေသရာဇ်ဇာတ်ကောင်
နဝဒေးနဲ့ ရှင်နှောင်းတို့ ဝိညာဉ်များစီးမျောရာ
ပျူယဉ်ကျေးမှု ကျူပစ်ဇင်များ လင်းပြက်ရာ
သြဇာတောင်တန်း စိမ်းညို့ရီမှောင်
ခရမ်းနုရောင် တိမ်တိုက်တွေ ရွက်လွှင့်ကောင်းကင်
ပြင်သစ်လို အနုပညာထွန်းကားတဲ့မြို့။
ဘုရားသခင်က
လိင်
ယင်ကောင်
စစ်ပွဲနဲ့အတူ
ဒီမြို့ကိုလည်း လက်ဆောင်ပေးခဲ့တယ်။
ရှေ့မှာ . . .
ရွှေရောင်တလက်လက်ထနေတာ
အနော်မာ၊ ဗော်လဂါတို့လို
ရာဇဝင်ရှိသောမြစ်ပါကွဲ့
သူ့စီးဆင်းမှု အနားသတ်မျဉ်းဟာ
သီချင်းတွေ အော်ဆိုနေတဲ့ ပင်လယ်ဖြစ်တယ်။

**ချမ်းငြိမ်းအေး**

## ရာသီလွန်မိုးတိမ်

ငါ့ဘဝပေါ် ပျော်ရွှင်နေတဲ့
၁၀၉၊ ၁၁၀ ရေ
မင်းကမှ တန်ဖိုးဆိုတဲ့ဖြစ်မှု ပညတ်ကလေးရှိသေးရဲ့။
ငါ့ကိုငါတောင် ပြန်အားနာတယ်။
ဟိုးမှာကြည့်စမ်း
တောင်ပံတရှန်းရှန်း ညနေဆည်းဆာတွေ
လှပသေသပ်နေလိုက်တာ။
လရောင်တွေ ဖွေးဖွေးလှုပ်နေတဲ့ ညမှာ
ငါဟာ ငါ့ကို ငိုကြွေးစေတယ်။
မောပန်း၊ နွမ်းနယ် ခါးသီးညတွေဟာ
ငါ့တစ်ကိုယ်ရေ တစ်ကာယ ပိုင်ဆိုင်မှုပြယုဂ်လား။
ပိုမှောင်သထက် မှောင်လာခဲ့
ကံကြမ္မာကိုတော့ သူ့သာသူနေပါစေလေ
မွတ်သိပ်မှုတွေနဲ့ ပြည့်နှက်နေတဲ့ အခန်းကျဉ်းလေးထဲ
ငါ့ကိုယ်ငါ ပျောက်ကွယ်သွားအောင် ဘယ်လိုပြုလုပ်ရမလဲ။
ပျောက်ဆုံးမှုထဲ ငါဟာတည်ရှိနေဆဲ
သူများတွေ တခြားဘဝတွေကို လုံခြုံနေစေချိန်မှာ
ငါဟာ ငါ့ကို လုံခြုံစေဖို့
ငါဟာ ငါ့ကို ပျောက်ဆုံးနေဆဲ
အရုဏ်အလင်းကို ကြိုဆိုဖို့
ငါဟာ ညကို မဖြတ်သန်းခဲ့ရပါဘူးကွယ်။

'ငါ့အလွမ်း ငါထမ်းပိုးရင်း
ငါ့မြစ်ကို ငါစီးဆင်းစေမယ်'
'ငါ့တောင်ပံ ငါခတ်လို့
ငါ့ကောင်းကင်ကို ငါကျယ်ဝန်းစေမယ်' လို့
ကြွေးကြော်ခဲ့တဲ့ ငါ့ကြွေးကြော်သံတွေဟာ
ငါ့ကိုပြန်ပြီး၊ လှောင်ပြောင်သရော်လိုက်ချိန်မှာ
ငါ့လက်ဖဝါးတွေအေးစက်လို့
ငါ့နှုတ်ခမ်းတွေဟာ တုန်ခါလို့
ငါဟာ ငါ့ကို အရှုံးပေး၊ ကျဆုံးခံလိုက်ပါတယ်။
(မျက်ရည်တွေကိုတော့ ဘယ်သူမှ မကြားမိစေခဲ့ပါဘူး)
အမေရေ . . .
အဲဒီနေ့ မနက်
နိုးလာမယ့် အချိန်မှာ
အမေ့ကို မမြင်ရတော့တာကိုပဲ
ကြေကွဲတယ်။

**လင်းဝေးခက်**

## ငါ့ညများ

ကမ္ဘာမြေမှာ
နောက်ဆက်တွဲ ပြဿနာရှိသလား
အမှောင်ကိုကြောက်တဲ့ ငါ့ပြဿနာတစ်ခုနဲ့
လမ်းဘေးစတိုးဆိုင်မှာ
လက်နှိပ်ဓာတ်မီးတစ်လက်ဝယ်
ဓာတ်မီးထဲက
အလင်းနဲ့ ဓား တစ်ပြိုင်တည်း ထွက်ရင်ကောင်းမယ်
သူ့အတွေးကို
ညငှက်တစ်ကောင်က ရိုက်မချခင်
အရှိန်နဲ့ အမှောင် ဝင်လာတယ်
ဓာတ်မီးကို
သေနတ်တစ်လက်လို ထိုးချိန်လိုက်မိရဲ့
အမှောင်ကိုဘာသာပြန်ဖို့
ငါတို့ငယ်ငယ်က ဝတ်စုံနဲ့
ဂျပန်ဖိနပ်နဲ့မဖြစ်ဘူး
ဘယ်သူ့အသံလဲ
မလည်မဝယ်နဲ့
ငါဒီလို၊ ဝါယာကြိုးထဲ ဝင်အိပ်မိတဲ့ညတွေ။

**ခရမ်းပြာထက်လူ**

# မိသားစု

မိသားစုဆိုတာ
တစ်ယောက်ရွှေ့ရောက်ဖို့
တစ်ယောက်နောက်ဆုတ်ရတယ်
သစ်ကိုင်းတစ်ကိုင်း တိုးထွက်ဖို့
သစ်ကိုင်းတစ်ကိုင်း အခုတ်ခံရတယ်
မိသားစုသီချင်းဟာ အတက်အဆင်းရှိတယ်
သံစုံမြည်တယ်။
မိသားစုဆိုတာ
လူခြောက်ယောက်ရှိ လူခြောက်ယောက်
လက်ဆယ်ချောင်းရှိ လက်ဆယ်ချောင်း
ခေတ်က တောင်းဆိုတဲ့အတိုင်း လှုပ်ရှားရတယ်
အိမ်ရှိလူအကုန်။
မိသားစု ဆိုတာ
ရှင်သန်ဖို့အတွက် အဆက်မပြတ် တိုက်ပွဲဝင်ရတယ်
ရန်ကုန်ဟာ စစ်မြေပြင်။
လဲကျသွားတဲ့ ငါ့အဖေနေရာကို
ငါ့ညီလေး ဝင်ခဲ့တယ်
ယိုင်နဲ့သွားတဲ့ ငါ့အမေနေရာကို
ငါ့ညီမလေး ဝင်ခဲ့တယ်
မိသားစုကို ငါမမြင်ခဲ့ဘူး။
ငါ့အတွေးအခေါ်က
သားသမီးဆိုတာ သီးခြားရှင်သန်ရတဲ့ ဘဝတစ်ခု။
ငါဟာ လမ်းပေါ်မှာ ကြီးပြင်းခဲ့လို့
လမ်းနဲ့သွေးသားတော်စပ်တယ်လို့ ထင်တယ်။

ငါ့မိသားစုမှာ ငါဟာ မလုံခြုံတဲ့ ထရံ
ငါ့ကြိုးကို တီးခတ်လိုက်တိုင်း သံကြောင်ထွက်တယ်
ငါ့မိသားစုမှာ
မိုးယိုပေါက်လေး တစ်ပေါက်ရှိနေတယ်ဆိုလည်း
ငါပဲဖြစ်မှာ
ငါ့မိသားစုမှာ
ကြမ်းခင်းတစ်ချပ်ကျိုးပဲ့နေတယ်ဆိုလည်း
ငါပဲဖြစ်မှာ
မအောင်မြင်တဲ့ ဘောလုံးအသင်းဟာ ငါ့မိသားစုပဲ
မဝင်တဲ့ ဂိုးတွေကို ငါသွင်းခဲ့တာ။

**စိုင်းဝင်းမြင့်**

# တြို

သူငယ်ချင်းသုံးယောက်
ကံကြမ္မာအလှည့်အပြောင်းကြောင့်
တစ်ယောက်တစ်နေရာဆီ ဝေးနေကြပြီ။
နယူးယောက်(ခ်)မှာ အဝါနေသည်။
လန်ဒန်မှာ အနီရှိသည်။
မန္တလေးမှာ အပြာတို့ဖြစ်သည်။
တစ်အိုးတစ်အိမ်နဲ့
တစ်ကြိမ်တစ်ခါမှ
ကွဲကွာပြီးကတည်းက မတွေ့ကြတော့။
အီးမေးလ်၊ အင်တာနက် ကွန်ရက်ကနေလည်း
အဆက်အသွယ်ပြတ်တောက်
မတွေ့လောက်တော့ဘူးထင်နေတုန်း
ဗြုန်းဆို . . .
ကောင်းကင်ထဲမှာ သုံးယောက်သား
ရေးထိုးထားလိုက်တဲ့
သက်တံတံတားတစ်စင်း
ခု ချက်ချင်းမော့ကြည့်လိုက်။ ။

**မောင်နီဦး**

# မြစ်

ရေကို ကြည့်ချင်လို့ ရေကို မြင်ချင်လို့
မြစ်ကမ်းနဖူးကို အရောက်လာခဲ့တယ်။
ရေစီးသန်တဲ့အချိန် . . . ရေကြီးချိန်
"လာရာကလိုက်တပ်စ်" ကို သတိတရနဲ့
မြစ်ရေတသွင်သွင်စီးနေတာ ကြည့်မဝခဲ့။
မြစ်ကိုအစမှ အဆုံးတိုင် ကြည့်ရင်း
ငါ့ဘဝအမျိုးမျိုး ပြောင်းလဲလာခဲ့တဲ့တစ်လျှောက်
ကိန်းဂဏန်းတွေလို သုညလို
ကလေးတွေလို ပန်းပွင့်လို
တိမ်လို လေလို ပေါ့ပါးနိုင်ခဲ့သလား။
မြစ်ရေတွေ တသွင်သွင် စီးဆင်းနေသလို
ငါတသွင်သွင်စီးချင်ရဲ့။ ။

**ထွန်းဝေမြင့်**

## တောလမ်းလေးအတိုင်း

နေ့စဉ် နေ့တိုင်း
ကိုယ့်အသက်ကို ပြန်ကယ်ဖို့ထက်
ငွေရဲ့အသက်ကိုသာ
အလုအယက်ကယ်နေမိ
ရှိပါစေတော့။
အဲဒီရှိပါစေတော့ဆိုတဲ့ သက်ပြင်းချသံကလည်း
မရိုးနိုင်တဲ့ ဓာတ်ပြားဟောင်းတစ်ချပ်ပါပဲလား။
အဓိပ္ပာယ်တွေအစား
စာလုံးတွေသာ ရေးနေမိပြန်ပေါ့။
ခံစားချက်တွေအစား
အရသာတွေကိုသာ ဟစ်အော်မှာကြားနေမိပါပေါ့။
ဒီလို ပြုမိမှားတာလည်း
ရှိပါစေတော့ပေါ့။
ပါရမီရှိရင်
မေ့ပစ်ချင်တာတွေကို မေ့ပစ်ချင်တယ်။
ရယ်စရာအဖြစ်အပျက်များကို
သတိရပါသည်
ဒါပေမဲ့ မရယ်နိုင်ပါ
ဥတုရာသီဖောက်ပြန်သဖြင့် မရယ်နိုင်ပါ။

**ဝင်းမောင်**

## လမ်း ၃၀ ထိပ်က ခရမ်းသို့

ခရမ်းရေ
အပြောင်းအလဲဆိုတာ ကြိုးခွေပဲ
သည်တစ်ခွေ
ပြီးတော့ နောက်အသစ်တစ်ခွေပေါ့။
ငါပြောင်းထိုင်တဲ့ လက်ဖက်ရည်ဆိုင်
မိုင် ၅၀ ဝေးတယ်
မနက်ခင်းစားသောက်ဖွယ်ရာစားရင်းက
မင်းသတင်းမရဘူး။
ခုတော့ တစ်ယောက်တည်းလျှောက်နေရ
တစ်ယောက်ခြေထောက်ပေါ် တစ်ယောက်မှီရပ်ရတဲ့
ကမ္ဘာတစ်ခြမ်း
လွမ်းတယ်။
ဒီတစ်ခါ
မင်းလာရင်
သဘာဝသမိုင်းပြတိုက်သွားမယ်
နှစ်သန်းပေါင်းများစွာက ဝေလငါးသွားတွေသွားကြည့်မယ်
အစားခံရတဲ့ဘဝဆိုတာ
တို့လို အဓိပ္ပာယ်ထပ်တူပဲ။
မင်းခါးမြှောင် စိုက်ထားတဲ့ ဆိုက်ပရပ်စ်လမ်း
လူဖမ်းသဘော်နဲ့ ကပ္ပလီပင်လယ်
ကြောက်မက်ဖွယ်ရာ အိပ်မက်အပြန်လမ်းထဲ
မင်းကို
အိမ်တံခါးဝက အမေအို မမှတ်မိနိုင်တာလည်း
ဖြတ်သန်းပြီးပြီပဲ။

ဝံပုလွေ့လာဆင်ကို ချစ်တဲ့
မိန်းမနဲ့ သမီးနှစ်ယောက်ကို ချစ်တဲ့
အလေအလွင့်ခားချက်များနဲ့ ကမ္ဘာကြီးကိုချစ်တဲ့
မင်းသွေးတွေ
တစ္ဆေသဘော် မျောနေတုန်းလား။
ခရမ်းရေ
ဒေါသကြီးတဲ့ ငါးလည်းသေတယ်
ပုံတိုပတ်စ ပြောတတ်တဲ့ ငါးလည်းသေတယ်
လောကရဲ့ အလွယ်ဆုံး အလုပ်ဟာ
သေတာမဟုတ်လား
ဘာကြောင့်များ
အခြား သံသရာမှာ လူမြင်ခံဦးမှာလဲ။
ရတနာ ၃ ပါး ဆည်းကပ်ပါ
တရားရှုမှတ်ပါ
ကြားဖူးနားဝ တစ်ဝဂူတို့ရဲ့ အဖြစ်အပျက်တို့
လွတ်မြောက်ဖို့ကြိုးစားပါ
လမ်း ၃၀ ထိပ်မှာ
ထူထောင်နေတဲ့ မင်းရဲ့ အရိပ်ကို
မြေကြီးလို ဖြန့်ခင်းလိုက်စမ်း
ခရမ်း . . . ။

**ခိုင်မြဲကျော်စွာ**

## ဆပ်ကပ်

ခါးသွေးထားတဲ့ စိတ်တွေက
ကိုယ့်လက်ကိုယ် ဆာလောင်တယ်။
ခေတ်ရဲ့ နံရံပေါ်မှာ အချက်တိုင်းစိုက်ဝင်ဖို့
ကိုယ့်ကိုယ်ကို ပစ်ပေါက်တယ်
ပြန်ကျလာတဲ့ မှားယွင်းမှုတွေ
အဆံကျွတ်ခါးတွေ
နောက်ထပ်ဆန့်တန်းမှုတွေနဲ့ သွေးအန်တဲ့အထိ
ဆက်ပေါက်တယ်။
စိတ်ကိုရေတွက်ခြင်းက အဆုံးသတ်ဆီ
လည်နေတဲ့စက်ဝိုင်းဆီ
နာကျင်မှုဆီ
ကိုယ့်ကိုယ်ကို ဖွဲ့ခြွေခြင်းဆီ
ယုံကြည်ချက်တွေက ကိုယ့်ကို ပြန်လောင်ကျွမ်းတဲ့အထိ
ဆက်ပေါက်တယ်။

ကဲ . . . ကံကြမ္မာတရား
အခုခင်ဗျား အလှည့်ရောက်ပြီ။

**အဲချို**

## ဆပ်ကပ်သမား

ငါ့ရင်ထဲပင်လယ်ပစ်ထည့်ပြီး
အဲဒီပင်လယ်ထဲ
ငါးမန်းတွေ မွေးမြူကြတယ်
အဲဒီအကြောင်း သီချင်းလုပ်ဆိုတော့
ပန်းသီးတစ်လုံး ချကျွေးတယ်
ပန်းသီးဟာ
ကမ္ဘာပတ်လမ်းထဲက သစ်သီးဖြစ်တယ်
ငါဟာ
ကမ္ဘာမြေပေါ်က လူသားဖြစ်တယ်
ငါ့ရင်ထဲ ပင်လယ်ပစ်ထည့်သူက
ဆိုးဆိုးရွားရွားနိုင်လွန်းတဲ့ ငါ့အတ္တဖြစ်တယ်
ဒါပေမဲ့
ငါက ပွင့်အားကောင်း မွှေးအားကောင်း
မြေခွေးတစ်ကောင်လို
လရောင်နဲ့ ပေါင်းသင်းနေထိုင်တယ်
မတော်မတည့် မျဉ်းဖြောင့်တစ်ကြောင်းပေါ်မှာ
အဲသလိုပဲ ဆော့ကစားပြခဲ့တယ်။ ။

**ရိုးသက်**

## ဝိညာဉ်မဲ့သော . . .

မင်းသွေးကြောထဲ စိမ့်ဝင်သွား
ငါ့မျက်လုံးတွေ ထားခဲ့ရ
ငါ့မျက်လုံးတွေ ထားခဲ့ရ -
မင်းကျောပိုးအိတ်ထဲ ပိတ်မိကာ
ငါ့မနက်ခင်းတွေသေဆုံးသွား
ငါ့မနက်ခင်းတွေသေဆုံးသွား -
သိပ်ချစ်တဲ့ မင်းဆံပင်တွေကြား
ငါ့စိတ်ဓာတ်တွေကွဲအက်ကျ
ငါ့စိတ်ဓာတ်တွေကွဲအက်ကျ -
မင်းအနမ်းထဲ ရောက်တဲ့ည
ငါ့ရဲ့ နှုတ်ခမ်း ငါရှာလို့မရ
ငါ့ရဲ့ နှုတ်ခမ်း ငါရှာလို့မရ -
ငါ့အိပ်မက်နဲ့ တီရှပ်များ
မင်းရဲ့ညတွေ ထုတ်ဝတ်သွား
မင်းရဲ့ညတွေ ထုတ်ဝတ်သွား -
မင်းဆုံးဖြတ်ချက်လက်ချောင်းများ
ငါ့ရဲ့ ဝိညာဉ်လာဖြုတ်သွား
ငါ့ရဲ့ ဝိညာဉ်လာဖြုတ်သွား . . . ။ ။

**အေးဘကျော်**

## ရောင်စုံဘောလ်ပင်

ဘာအရောင်နဲ့ရေးရေး
စကားလုံးတွေ
အဓိပ္ပာယ် မပြောင်းဘူး
အစိမ်းရောင်လေးလည်း သစ်ရွက်ပဲ
အဝါရောင်လေးလည်း သစ်ရွက်ပဲ
ဝေမယ်၊ ကြွေမယ်၊ အဓိပ္ပာယ် -
ရောင်စုံဘောလ်ပင်လေး ရတဲ့နေ့ကစ
ရောင်စုံစာလုံးလေးတွေ ရေးမိတယ်
ကောင်းကင်၊ ပင်လယ်
တောင်တန်းနဲ့ ချစ်သူ့နာမည်
တွေးမယ်၊ ငေးမယ်
ကျွန်တော့် စာမျက်နှာများ
အစွန်းအထင်း များလှတယ်
ကုန်ကြမ်းပေးပေမဲ့
ကုန်ချောမရခဲ့
ဘဝရယ်
တစ်ခုလောက်တော့ အောင်မြင်ခဲ့ချင်ပါရဲ့
ဘာပဲဖြစ်ဖြစ်
အရောင် အနံ့အရသာကင်းမဲ့တဲ့
ရေတစ်ခွက်
အသက်တမျှ တပ်မက်မိပါတယ်။ ။

**ကိုရွှေး**

## မင်းသတိထား

မြစ်ရေတွေတိုက်စားတဲ့
ကမ်းနားသစ်ပင်။
မြေသားတွေသယ်ယူပစ်
သစ်မြစ်ကျန်စဉ်
သည်ပုံဖြစ်အင်၊ မင်းမြင်ရဲ့လား။
လောကစံပင်၊ သင်ကြုံဖူးရဲ့လား။
ရာထူးဂုဏ်ရှင်၊ ဆင်ခြင်မိလား။
သူ့အပေါ် အနိုင်ယူလို့
ပြုစုကာနှိပ်စက်ကလူခဲ့
ခက်ထန်သူဖိနှိပ်နင်းတယ်
မင်းသတိထား။ ။

**ထီလာစစ်သူ**

## ယဇ်ပူဇော်ပွဲ

ကမ္ဘာဦးက
လူရိုင်းခေတ်အစ၊ မိမိဆန္ဒ
ပြည့်ဝစေရန်၊ တိရစ္ဆာန်များ
သတ်ဖြတ်စားသောက်၊ ညလုံးပေါက်က
ခုန်ကြွမြူးပျော်၊ တေးဆိုအော်ဟစ်
ယဇ်ပူဇော်ပွဲ။
ဗုံသံနှဲသံ
ဆူညံပသ၊ သမိုင်းအစ
အစဉ်အလာများ၊ တိုးပွားလာခဲ့
ယနေ့ခေတ်မှာ၊ သည်သမိုင်းပါပဲ
မိမိဆန္ဒ၊ ဖြည့်ရာစနစ်
စစ်ပွဲများစွာ၊ ဖြေရှင်းရာပါပဲ
ယဇ်ပူဇော်ပွဲပဲမဟုတ်ပါလား။
ငါ၏ဒဿနမှာ
ငြိမ်းချမ်းရေးမှ၊ စီးဖြာကျလာ
အချစ်ငြိမ်းချမ်းရေး၊ ယဉ်ကျေးလှပ
ကမ္ဘာ့ငြိမ်းချမ်းရေးမဟုတ်ပါလား။ ။

**ဒဂုန်တာရာ**

## အမြဲစိမ်းတေး

ကြယ်တွေကိုမျှားတယ်
လရောင်အသေတော့ မမျှားချင်ဘူး
ကမ္ဘာမြေအစောင်းထဲကထွက်ကျလာတဲ့သိုးကလေးတွေကို
စိတ်လွတ်ကိုယ်လွတ်သီဆိုမှုနဲ့ဝေကြမယ်
တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ကိုင်းကူးရင်း
ရထားကိုမောင်းနှင်တဲ့ခွာသံထဲမှာ လမ်းရဲ့ဘဝကို
　　　　တွေ့ရသလို
　　　　အဖူးအပွင့်များ
　　　　အမည်နာမများ
တို့မရိုင်းဘူး၊ အဲဒီသဘာဝပေါက်ပင်တွေဖြန့်ထွက်ရာ
မြို့ကလေးရဲ့ ပတ်လမ်းပေါ်
ငါတို့ဂစ်တာက တောင်တက်တောင်ဆင်းများပြီး
ငါတို့ချစ်ခြင်းက ရေစီးသန်ခဲ့တယ်။ ။

**မောင်ဆေးရိုး**

# ကျောပွတ်သီချင်း

ငါ့ရဲ့နောက်ကျောမှာ
ဆေးသားအဟောင်းတွေအဖတ်လိုက်ကွာကျမယ်
အသည်းကွဲမယ်၊ ခေါင်းကိုက်မယ်၊
အိပ်ရေးပျက်မယ်
ဒီသီချင်းကို မင်းဖွင့်တဲ့အခါ
ငါ့ရဲ့ရင်ထဲမှာ
ဒဏ်ရာအသစ်တွေရမယ်
တောမီးလောင်မယ်၊ အသိုက်ပျက်မယ်၊
သွေးစိမ်းရှင်ရှင်ထွက်မယ်
ဒီသီချင်းကိုမင်းဖွင့်တဲ့အခါ
ရှိပါစေတော့
နေဟာနေအတိုင်း
လဟာလအတိုင်း။
မင်းက
ညွတ်ပျောင်းသွယ်လျသောရက်စက်မှုကို
အစီအစဉ်တကျမွေးမြူတယ်။
ငါကတော့
မင်းကိုယုံကြည်ပြီး
ရက်စက်မှုကိုစုံလုံးကန်းခဲ့လေတယ်။
သစ္စာတရားက ကျောတစ်ရာ ရင်တစ်ရာ
ငရဲအလင်းနဲ့
ဒီသီချင်းကိုမင်းဖွင့်လိုက်တဲ့အခါ။ ။

**နိုင်မွန်အောင်သွင်**

## တရား (၁)

နံနက်ခင်းအိပ်ရာအထ
မတည်မြဲခြင်းကို အသက်ရှူသွင်းခဲ့။
ကြည့်လေရာ
မြင်လေရာ
ဒဏ်ရာအနာတရနဲ့ တိမ်တွေချည်း။
ဖြစ်ခြင်းနဲ့ ပျက်ခြင်း
ဘယ်ဟာပိုပြီး မြန်ဆန်မလဲ
သွေးမဆုံးခင်
မီးကုန်ယမ်းကုန် ဖျော်ဖြေနေတဲ့ဂီတ။
တချို့ကိစ္စ
သစ်ရွက်ကြွေသလို
ကြွေပြလို့ မရဘူး။
လူသားဆန်သလား၊ လူသားမဆန်သလား
သူ့ဆိုင်ကလေးကို ကြည့်
စီးကရက်သောက်တယ်
စီးကရက် မရောင်းဘူး။
ကိုယ်ပျိုးတဲ့ပန်း၊ ကိုယ်မနမ်းဘူး
ဇာတ်တူသားမစားဘူး
သံသရာ ၂၈
ကိုယ့်အဖြစ်ကိုယ်ခံ
အဲသလို စံခဲ့။

ဆေးလိပ်ဖြတ်တော့
ကွမ်းက ပါးစပ်မှာ
တချို့နေ့တွေ
ကိုယ့်ဘက်က အစွမ်းကုန်ပြင်ဆင်ထားပါလျက်
တစ်စက်မှ ဝင်မလာဘူး
လောကမှာ အရင်းကြီးတိုင်း အမြတ်ကြီးဖို့
မကျိန်းသေဘူး။
ကမ္ဘာမြေပေါ် ကျီးတွေပြိုတဲ့အခါ
ငါတေးဆိုမယ်
တစ်ခုခုများပြီး တစ်ခုခုနည်းတဲ့နေ့မှာ
ကဗျာရေးတယ်။
ငါ့ဘဝ
ငါ့အနုပညာ
ဝယ်လိုအားများပေမယ့်
မရောင်းခဲ့ဘူး။ ။

**ဟင်နရီမိုး**

## ကဘူးလ်မြို့တော်ပေါ်က တေးသံ

လှတစ်မျက်နှာ
ယဉ်တစ်ကိုယ်လုံး . . . တဲ့
ညှို့ငင်စွဲယူတတ်သော အပြုံးကလေးနဲ့
မြိန်မြိန်ယှက်ယှက်ကြီး ကလိုက်စမ်းပါ မိန်းမလှလေးရဲ့။
နှစ်ရှည်လများ
ဝတ်ရုံဖားဖားကြီးတွေရဲ့အောက်မှာ
ငါတို့ရဲ့ အလှတရားတွေ
ဆိတ်သုဉ်းခံရတာမဟုတ်လား။
ဟောဒီမှာ ငါတို့ရဲ့ စောင်းသံလေး . . .
ဟောဒီမှာ ငါတို့ရဲ့ ဗုံသံလေး . . .
ဟောဒီမှာ ငါတို့ရဲ့ နှဲသံလေး . . .
သူ့ဝိညာဉ်နဲ့သာ
လာရောက်တီးခတ်ဖျော်ဖြေနေရှာတဲ့
ပတ္တလားဆရာလေးကတော့
တာလီဘန်တွေရဲ့ ကွပ်မျက်ခြင်းကို ခံခဲ့ရရှာပေါ့။
အိုး . . . တူရိယာသံဆိတ်သုဉ်းခဲ့ရတဲ့ မြို့တော်ကြီး
ငါတို့ရဲ့ တေးသံမှာ လွှန့်လူးနိုးထပေလော့။
အိုး . . . မုတ်ဆိတ်ကျင်စွယ်ရိတ်ထားတဲ့ ကိုလူချောငဲ့
သင့်တေးသံမှာ သင့်နှမလေးလည်း
မြူးမြူးသွက်သွက်ကလို့ပေါ့။
အိုး . . . မုတ်ဆိတ်ကျင်စွယ်ရိတ်ထားတဲ့ ကိုလူချောငဲ့
သင့်တေးသံမှာ မြို့မျက်ရည်တွေ လျှံထွက်သွားအောင်သာ
သီကျူးလိုက်ပါတော့။

ဒါဟာ လင်းပွင့်မှုရဲ့ တေးသံလည်း ဖြစ်ရဲ့
ဒါဟာ လွတ်မြောက်မှုရဲ့ တံပိုးခရာမှုတ်သံလည်း ဖြစ်ရဲ့
အိုး . . . မြို့တော်ကြီး
သင့်နှလုံးသည်းပွတ်အိမ်မှာ
ငါတို့ရဲ့ တေးသံတွေနဲ့သာ
တပွက်ပွက်စီးအန်လေ့။ ။

**အောင်ဆု**

## ပရိဘောဂများ

သူ့အိမ်ဂေဟာ တခမ်းတနားလှပအောင်
အမြဲတမ်း၊ သူ နေရာချတတ်တယ်။

အိမ်ကိုရောက်ဖူးတဲ့ လူကြီးလူကောင်းတိုင်းက
တအံ့တသြ ချီးမွမ်းခန်းဖွင့်ရလောက်အောင်
သူ တော်တယ်။

ကနုတ်ပန်းနဲ့ ရှေးဟောင်းထိုင်ခုံတွေက
သူ့ကို မင်းမျိုးမင်းနွယ်တစ်ယောက်လို့ အထင်ရောက်စေတယ်။

ထိုင်နေကျသူ့ထိုင်ခုံရဲ့ အပေါ်တည့်တည့် နံရံမှာတော့
အမဲလိုက်သေနတ်နဲ့ ခေါင်းပါတဲ့ ကျားရေခွံကြီးက
သူပြောသမျှ စကားလုံးတိုင်းကို အလေးအနက် ဖြစ်စေတယ်။

သူစုဆောင်းထားသမျှ ပန်းချီကားအားလုံး
ဘယ်သူမှ မမြင်အောင် သိမ်းထားလေ့ရှိတယ်
လိုအပ်မှ ဧည့်ခန်းနံရံမှာ တစ်ချပ်ချင်းချိတ်ဆွဲ
ဒါက ပစ်မှတ်ကို တစ်ချက်တည်းနဲ့ မှန်အောင်ပစ်တတ်သူမှန်း
သူ့စွမ်းရည်နဲ့ သူ့ပညာကို သိသာစေတယ်။

ပြဿနာတွေ သူဖြေရှင်းတဲ့အခါ
စာကြည့်ခန်းထဲမှာ သူတွေ့ဆုံတယ်
အခန်းပတ်လည်က စာအုပ်ဗီရိုကြီးတွေထဲမှာတော့
သူ့အတွက် ဆင်ခြေဆင်လက်တွေကို
အက္ခရာစဉ်အတိုင်း စနစ်တကျ စီရှထားတယ်။

ဆင်ဝင်အောက်က ရှားပါးဂမုန်းတွေနဲ့
ဝရန်တာမှာ ချိတ်ဆွဲထားတဲ့ သစ်ခွမျိုးစုံကိုတော့
ဖြစ်ရပ်မှန်တွေဆီကနေ အာရုံလှည့်စားဖို့အတွက်
တန်ဖိုးကြီးကြီးပေးပြီး သူစုဆောင်းထားတယ်။

သူ့အသုံးအဆောင် ပရိဘောဂတွေထဲမှာတော့
ကျွန်မဟာ ဈေးအပေါဆုံး ဖြစ်လိမ့်မယ်
နေ့ဘက်၊ မီးဖိုချောင်ထဲမှာ
ညဘက်၊ သူ့အိပ်ခန်းထဲမှာ
စနစ်တကျ သူနေရာချတတ်တယ်။

သူ့ဘက်ကလည်း တွေးနေလိမ့်မယ်
သူ့အသုံးအဆောင် ပရိဘောဂတွေထဲမှာ
သူ့ကို၊ သံသယမျက်လုံးနဲ့ ပြန်ကြည့်တတ်တာဆိုလို့
ကျွန်မတစ်ယောက်တည်း ရှိလိမ့်မယ်လို့။

ဒါပေမဲ့ ကျွန်မရဲ့ ဒေါသနဲ့ ကြေကွဲမှုတွေကိုတော့
စကားလုံးတွေအဖြစ် ဘယ်တော့မှ
ပြောင်းလဲခွင့် မရခဲ့ဘူး
သူ့ရှေးဟောင်းပစ္စည်းတွေပေါ်က
အက်ကြောင်းရာတွေလိုပေါ့
ပြင်ဆင်လိုက်လို့ တန်ဖိုးလျော့သွားမှာမျိုးကို
သူ မလိုလားဘူး။

ဒီအတွက်လဲ၊ အားလုံး သူစီစဉ်ပြီးသားပါ
နှစ်ယောက်အိပ်ခုတင်ရဲ့ ပြတင်းပေါက်ဘက်အခြမ်းကို
ကျွန်မအတွက် သီးသန့်၊ သူပေးထားတယ်
လမင်းကို အချိန်အကြာဆုံး၊ အလှဆုံးမြင်ရတဲ့
အိမ်ဂေဟာရဲ့ အကောင်းဆုံးပြတင်းပေါက်ပေါ့
နာကြည်းချက်တိုင်းကို ကျွန်မပြောပြလိုက်တဲ့အခါ
လမင်းကလည်း နားလည်ကြေကွဲစွာ၊ နှစ်သိမ့်ပေးရှာတယ်
ကျွန်မရဲ့မျက်ရည်နဲ့၊ ကျွန်မရဲ့ခန္ဓာကိုယ်ကို
သူ့ရောင်ခြည်တွေနဲ့ ပွတ်သပ်ပေးရင်းပေါ့။

ဒီလိုနဲ့ပဲ၊ လမင်းဆီရောက်သွားတဲ့ လျှို့ဝှက်စကားတွေကို
တခြားဘယ်သူမှ မကြားနိုင်တော့ဘူး
ခုတင်တစ်ဖက်ခြမ်းက အမှောင်ရိပ်ထဲမှာတော့
သူ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတယ်
လမင်းနဲ့ ကျွန်မကို ကျောခိုင်းရင်းနဲ့လေ။

**မြင့်မိုးအောင်**

## မျက်ရည်လွှယ်တဲ့ အရောင်

ကျွန်တော်က အဲဒီအကြောင်းပဲ စဉ်းစားတတ်တယ်
ခဏလေးပါ
(၁၅) မိနစ်အတွင်း ဓာတ်ပုံတစ်ပုံရတယ်
အသားမပါဘူး
ပြောတော့လိမ်လို့မရဘူးတဲ့
မျက်လုံး (ပြူးကျယ်တဲ့ မျက်လုံးတွေတဲ့)
သစ်ရွက်တွေက အရမ်းကြွေပြီး အရမ်းအေးခဲနေတယ်
ညီအစ်ကို၊ မိတ်ဆွေ၊ သူငယ်ချင်းကတော့
အမှောင်ကို တစ်ဝက်ချပြီး
အသံမထွက်ဘဲ နေထိုင်ကြည့်ဖို့ ပြောတယ်
ကျွန်တော့်အတွက်တော့
နေ့စဉ်သုံးဝေါဟာရတွေက ပျင်းဖို့ကောင်းတယ်
တစ်နေ့
မျောနေတဲ့ အပေါက်တစ်ပေါက်ကို စိတ်ထဲပြန်သွင်းရင်း
ရင်ဆိုင်ကြည့်တယ်
ကျွန်တော့်အကြောင်း တစ်ကြောင်းမှ မပါဘဲ
အကြောင်းပါခဲ့တဲ့ ချစ်သူတွေရဲ့
သက်တမ်းက တည့်တည့်မသွားဘူး
အချိန်မီတားဆီးခြင်းက ရောဂါကိုသက်သာစေပြန်တယ်
ကျောနံပါတ်တစ်ခု
ရှေ့မှာ မြင်နေရတဲ့နံရံက
စကားအဆန်းတွေ ပြန်လာတယ်
(တ လ ရ မ အ မ ဘ)
ဖတ်စရာစာအုပ်တွေမလိုဘူး
နားထောင်စရာသီချင်းတွေမလိုဘူး
အခု. . . ကြည့်

လူတဲ့
ပြောမထွက်တဲ့ စကားတစ်ခွန်းနဲ့
လမ်းထဲမှာ
မရှိတဲ့ ဇာတ်လမ်းကို
တစ်ဝက်ဖွင့်ချလို့ . . ။

**ဟိန်းမြတ်ဇော်**

## ညီအစ်ကိုများ

ငါတို့တစ်တွေ
ကျွမ်းပစ်ဝင်ခဲ့ကြ
ကျွမ်းပစ်ထွက်ခဲ့ကြ
မျက်နှာဖုံးစွပ်ခဲ့ကြ
မျက်နှာချင်းဆိုင်ခဲ့ကြ
လက်တစ်ဖက်ပြတ်ခဲ့ကြ
လက်ဆွဲနှုတ်ဆက်ခဲ့ကြ
အမဲလိုက်သလို
ချောင်းမြောင်းတိုက်ခိုက်ကြ
အရိုးခေါင်းတွေလို
ကိုယ့်အတိတ်ကိုချိတ်ခဲ့ဆွဲခဲ့ကြ
နေပူရင် ချွေးထွက်ကြရတယ်
မိုးရွာရင် အရွှဲခံကြရတယ်
နှင်းကျရင် လက်ပိုက်ကြရတယ်
ဦးထုပ်ရှိသူတွေလည်းလာထိုင်ကြ
ဦးထုပ်မရှိသူတွေလည်းလာထိုင်ကြ
ဖိနပ်ပြတ်ခဲ့ကြ
ထီးပျောက်ခဲ့ကြ
မျက်ရည်ကျအောင်ရယ်ခဲ့ကြ
မျက်ရည်ကျအောင်ငိုခဲ့ကြ
လမ်းသားတွေညှော်သည်ဖြစ်သွားအောင်
နှူးနပ်ခဲ့ကြ
ခြေမမြဲလက်မြဲခဲ့ကြ
လက်မမြဲခြေမြဲခဲ့ကြ
ခဏခဏရန်ဖြစ်ပြီး
ခဏခဏပြန်ခေါ်ခဲ့ကြ

တစ်ချိန်မှာတော့
၃၃ လမ်းထဲက
အိုးပစ်အိမ်ပစ်အိုးစားဖက်တွေအကြောင်း
အိုးပစ်အိမ်ပစ်အိုးသောက်ဖက်တွေအကြောင်း
နောင်းလူတွေကိုပြောပြရဦးမယ်။ ။

**ဝိုင်းချို**

# မြစ်ယောင်ယောင်

ဝန်တင်သင်္ဘောကြီးတွေ တရွေ့ရွေ့
မြစ်ကိုတော့ကိုယ်မမြင်ရသေးဘူးပေါ့။
ဟိုလှမ်းလှမ်းကမတ်ရပ်
လူတစ်ယောက် တစ်စုံတစ်ရာကိုအော်နေ
လက်နှစ်ဖက်ကိုပါးစပ်ဘေးမှာစုကာပြီး
အသံကိုဘယ်လောက်ကြီးကျယ်လောက်အောင်
အားစိုက်ထုတ်လွှင့်လိုက်မလဲ
ကိုယ်ကတော့ အော်နေတာကိုပဲရိပ်မိပြီး
ဘာသံကိုမှမကြားရ
ဝေးလွန်းလို့လားဆိုတော့လည်း မဝေးပါဘူး
နားတွေပင်းပြီလားဆိုတော့ မပင်းပါဘူး
ဒီလိုပါပဲ အော်သူကအော်ပြီး
ကြားသူကမကြားရတာ
အဲဒီအနီးအဝေးတွေနဲ့
အဲဒီနားကောင်းမကောင်းနဲ့
အမြဲတမ်းမသက်ဆိုင်ဘူးတဲ့
လေသံတီးတိုးပွတ်သပ်
ကိုယ့်ဘေးမှာရပ်နေတဲ့တစ်စုံတစ်ယောက်ကပြောတယ်
မြစ်ကိုတော့ကိုယ်မမြင်ရသေးဘူးပေါ့။
မြစ်ကိုတော့ကိုယ်မမြင်ရသေးဘူးပေါ့
သူ့ကိုသံသယနဲ့ကြည့်လိုက်တယ်
သိသလိုလိုသိယောင်ယောင်တစ်စုံတစ်ယောက်ဆိုတာကလည်း
မျက်လုံးကအကန်းလိုကြောင်တောင်တောင်နဲ့
ခြေထောက်ကဝါးလုံးကြီးလိုတောင့်တင်းတင်းနဲ့
ကိုယ့်အမြင်ကိုသိသွားသလိုပဲ
မျက်လုံးဆိုတာလည်း အခါခပ်သိမ်းမြင်ဖို့မဟုတ်
ခြေထောက်ဆိုတာလည်းအခါခပ်သိမ်းသွားဖို့မဟုတ်တဲ့

ထပ်ပြောပြန်တော့တယ်
မြစ်ကိုတော့ကိုယ်မမြင်ရသေးဘူးပေါ့
သဘော်ကြီးတွေတရွေ့ရွေ့ဝေး။
တော်ပါပြီကွာ
ဟောဒီ . . . သဲသောင်စပ်တွေမှာ
ညနေခါ ရေလာမခပ်တော့ပါဘူး
မင်းတို့မြစ်တွေက မှော်ဆန်လွန်းတယ်လို့
ပြောပြီး ကိုယ်ပြန်ခဲ့ ။ ။

**စန်းဦး**

# မြို့ရိုင်းရဲ့ခေါင်း

ကံကြမ္မာ၏ထပ်ခိုးအတွင်း
ပုန်းကွယ်နေသည့်မျဉ်းတစ်ကြောင်း၏မေလအတွင်း၌
(ဦးခေါင်းတစ်လုံး)
ထပ်မံပုန်းကွယ်ဝင်ရောက်လို့နေခဲ့။
ထွန်းပစမ်းသပ်မှု၏ရောင့်ရဲဖွယ်နေ့ငယ်ငယ်များ
တစ်ယောက်ကိုပိုက်စိုးငိုက်လက်တံများ
လှိုင်းပုတ်သလိုဒလဟောစီးဝင်အထွေးလိုက်မျိုချခဲ့ရ
မိုးစက်တို့၏မွေးရနံ့များ
သဲတရှပ်ရှပ်နှင်းတစ်ပေါက်နှင့်ပန်းပွင့်တောင်တန်းများ
မူကွဲအမျိုးမျိုး၏အရိပ်အမြွက်အဖြစ်
ရင်ခွင်တစ်လျှောက်စိမ်းညိုစွာအလင်းသိုခဲ့။
ဆန်ခါကျနေမည့် မျဉ်းလယ်ကောင်၌
စိတ်ကူးစိတ်သန်းများ အရိုးဖြူဆွေးချိန်
စဉ်းလဲအိပ်မက်တို့၏သရေချပ်လွှာတို့အား
ဤကျောက်ဖြူသားများ ပြိုပျက်မြို့ရိုင်းဦးခေါင်းတစ်လုံးစီ
တွင်းတူးမြုပ်နှံခဲ့ရပေ့ါ ။

**ဖြူမွန်**

## သေနတ်သမား

မေးခွန်းတွေချည်းထည့်ထားတဲ့ ကျွန်တော့်သေနတ်
ဘယ်အဖြေကိုမှမထိမှန်ခဲ့ဘူး။
ရှူးရှူးသွပ်သွပ်တိတ်ဆိတ်ခဲ့
ဖေဖေ၊ မေမေနှင့်စံပယ်ပွင့်များ
လရောင်ဖြင့်မိသားစုဆန်ခဲ့ပါတယ်။
အဝေးကပုံပြင်တစ်ပုဒ်ရနံ့မှာ
အခင်းဖြစ်ပွားရာအနီး
မီးတောင်တစ်လုံးလိုဘဝတွေပေါက်ကွဲကြပါသလား။
အသေအချာဆုံးမုန်းခဲ့သမျှ
နှလုံးတုန်ရင်ခုန်ကောင်မလေးဝင်းပဖြူဖွေးမှု
ရင်အထိဆုံးလင်းခဲ့ပါသလား။
ကျွန်တော်ပစ်မှတ်ဆီ
ဘာအသံနဲ့လှမ်းခဲ့သလဲ
နံရံဆီကလင်းနို့တွေသာသိတဲ့အသံ
လက်တည့်စမ်းသမျှ
အလွဲလွဲအချော်ချော်။
လက်ညှိုးလေးကိုကွေးပြီး
စိတ်ကတွေးထုတ်မိတဲ့
မေးခွန်း
ဘယ်အဖြေကို
မှမထိမှန်ခဲ့ဘူး။

**တိုးနှောင်မိုး**

# မီးကွင်း

မီးကိုတွေ့ရှိကတည်းကစလို့
အခုအချိန်ထိကျွန်တော်တို့
မီးနဲ့ကင်းကင်းရှင်းရှင်းမနေနိုင်တော့ဘူး။
လူ့ဘဝဆိုတာ
မီးတွင်းထဲကစတင်ပြီး
မီးသင်္ဂြိုဟ်စက်ထဲမှာအဆုံးသတ်ရမှာလား။
မိတ်ဆွေမှုတ်ထုတ်လိုက်တဲ့
ဆေးလိပ်မီးခိုးကအစ
ဇာတ်လိုက်တစ်ယောက်
ဟန်ပါပါလေးနဲ့မှုတ်ထုတ်လိုက်တဲ့
သေနတ်ပြောင်းဝက မီးခိုးတန်းလေးအပါအဝင်
တိုက်လေယာဉ်ကဖြုတ်ချမယ့် လောင်မီးအထိ
အားလုံးကို
အထိတ်တလန့်စောင့်ကြည့်နေရတယ်။
အခု ကျွန်တော်ကျွန်မတို့ကိုလောင်နေတဲ့မီးတွေကတော့
မီးကိုလူသားတွေမတွေ့ခင်ကတည်းက
သူ့အလိုလိုလိုရှိပြီးသားမီးတွေပေ့ါ။

**မျိုးမင်းညိန်း**

## မုဆိုးမရဲ့စက်ဘီး

လင်ဖြစ်သူနဲ့
ဘဝခြားသွားတဲ့နေ့ကစ
တစ်ချိန်က
(သူ့ခင်ပွန်းရဲ့ဒုတိယအဖော်)
ခုတော့
ပင့်ကူတွေစိတ်တိုင်းကျသိမ်းပိုက်သွား။
မိသားစု
အစာအိမ်ကလေးထူမတ်ဖို့ထက်
လင်သားနဲ့အတူ
မြှုပ်နှံလိုက်ရတဲ့ဆေးဖိုးဝါးခ
နောက်ဘဝအတွက် အပ်နှံခစရိတ်
(စိတ်ပျက်မယ်ဆိုလည်းစိတ်ပျက်စရာ)
စိတ်ကူးတွေအပေါင်ဆုံးခဲ့တာများပြီ။
သည်တစ်သက်
သူဘယ်တော့မှစက်ဘီးမစီးတော့ပါဘူးတဲ့
ဆုံးဖြတ်ချက်ဒုံးဒုံးချလိုက်တိုင်း
လင်မရှိတာနဲ့
စက်ဘီးကလေးတစ်စီးတောင်မရှိတော့ဘူးဆိုတဲ့
ပတ်ဝန်းကျင်အတင်းအဖျင်းကိုလည်း
သူက
အကြောင်းပြခေါင်းစဉ်တွေနဲ့ရုပ်ဖျက်
ဂုဏ်သိက္ခာအတွက်ကာကွယ်နေခဲ့သေးတယ်။

တကယ်က
သူ့အိမ်ဦးနတ်ရဲ့အမွေ
ခလုတ်မနှိပ်ရဘဲ အသံမြည်တတ်တဲ့ကလေးတွေကတော့
(အဲသည့်စက်ဘီးကို)
ညနေစာမဲ့စားပွဲပေါ် ကိုကြည့်မိတိုင်း
ပေါင်မုန့်အမှတ်နဲ့

**သင်းရည်လွင်**

## ဘုရားကြီး

ရင်ပြင်တော်ပေါ်
ဆည်းလည်းသံလေးတွေ အကင်းတဖြိုက်ဖြိုက်။
သံဝေဂကလည်း အညှာလွယ်တယ်။
သင်္ခါရကလည်း အညှာလွယ်တယ်။
သူတို့ နေထိုင်ခဲ့ကြောင်း
ယဉ်ယဉ်ကျေးကျေး ဖွဲ့သီနိုင်ခဲ့ကြရဲ့။
မနှစ်ကအတိုင်းပါပဲ။
ကိုယ်က သဲလမ်းလေးအတိုင်းလျှောက်ခဲ့တယ်။

**ဆွေငြိမ်းသော်**

# ကျိုးကန်း

သူ့အသံက ဖမ်းဆုပ်ရခက်တဲ့ပြဒါး
သမံတလင်းပေါ် လွတ်ကျသွားတဲ့သေနတ်တစ်လက်
သူထပျံသွားတော့
ဝုန်းဒိုင်းကျဲပြီးကျန်ခဲ့တဲ့သစ်ကိုင်း
သူ့အသားအရေက
ပါးနပ်ဖျတ်လတ်ခြင်း
သူ့လက်မောင်းမှာထိုးထားတဲ့ဆေးမင်ကြောင်က
အမျိုးကိုထိရင်မချိအောင်နာတတ်သူ
သူ့အသည်းနှလုံးက
လူသွားလူလာများတဲ့ပလက်ဖောင်း
သူပျံဝဲနေတဲ့အနုပညာက
နေဆီလွှင့်ပစ်လိုက်သော
အနက်ရောင်အဝတ်တစ်စ။ ။

**မောင်ဖီလာ**

# မိုး

ကောင်းကင်တစ်ခုလုံး မှိုင်းမှုန်ပြာရီ တိမ်ပလီ
ကော်နီ့နှုတ်ခမ်းမှာ စံပယ်ပန်းပွင့်တဲ့ရာသီ
ကဗျာဆရာ မောင်စိမ်းနီရဲ့ မူပိုင်နာမည်
သားသမီးဆိုးတွေ အားလုံးရဲ့ အမေ့မျက်ရည်
တစ်လောကလုံး စိမ်းစိုလန်းဆန်း မြေပထဝီ။ ။

**မြင့်ဦးဦးမြင့်**

# မိုး

လာမယ်လို့ချိန်းထားလျက်နဲ့
တကယ်တမ်းတော့ ရောက်မလာခဲ့ဘူး
သူမလာလို့ ပြန်မယ်ဆိုကာမှ
ဝေါခနဲ ဆိုင်ကယ်စီးပြီး ရောက်ချလာ။
မင်းအနမ်းတွေ ငါမခံနိုင်ဘူး ကြမ်းလှချည့်
ငါပြန်နမ်းတော့လည်း
ကလေးတစ်ယောက်လို ခေါင်းကို ဝှက်ထားလို့။ ။

**မင်းထက်မောင်**

## မှော်သစ်ပင်

ကျီးကန်းတောင်းမှောက် မျက်လုံးတွေ
ငါ့ကိုယ်ထည်ပေါ် ခုန်ဆွ ခုန်ဆွ
အဝေးပြေးအိပ်မက်တွေ ခြေသံလုံဖို့
ငါ့ကိုယ်
ငါပြန်ညှို့နေရ . . . ။ ။

**မောင်နီမွန်**

# ပန်းချီ

နူးညံ့လို့လား
တအားနာကျင်လွန်းလို့လား
ပိတောက်ပွင့်ကလေးတွေ
တဖွဲဖွဲကြွေနေတဲ့ မြင်ကွင်းထဲ
ထီးဆောင်းပြီးဖြတ်သန်းနေတာ။
အာရုံကိုစုပြီးစည်းလိုက်ဖို့
ငါကိုးကွယ်တဲ့ ကြိုးစကိုမမြင်နိုင်
သူ့အလင်းက မျက်စိမှုန်တယ်။

**မိုးဝေး**

## အိမ်ကွင်း

အခန်းထဲမှာ
ခြေရည်တူ အထီးကျန်မှု
အပြင်မှာ
ဒန်ဝယ်တယ်
ကြေးဝယ်တယ်၊ သတ္တုဝယ်တယ်
ဗလာစာအုပ်ဝယ်တယ်
ကဗျာစာအုပ်မဝယ်ဘူး။
ဒီလောက်ထိပေါင်းနေရအောင်
အရင်ညက အကြောင်းလည်းမဟုတ်ခဲ့
တစ်နေ့ခင်းလုံး
ဂိုးသမားမရှိတာတောင်
ငါ့ဆီမှာလည်း ဘောလုံးမရှိဘူး။

**အောင်ခိုင်မြတ်**

## ပျင်းစရာကောင်းတဲ့နေ့က ငှက်တစ်ကောင်အကြောင်း

ဘာပဲပြောပြော
ခိုပြာလေးမှာတောင်ပံရှိတယ်။
သူ့အတွေးဟာ
ဆန်ဖရန်စစ္စကိုသွားတဲ့ သင်္ဘောပေါ်မှာပေ့ါ။
ဒါ ဒဂုံမြို့သစ်ကိုသွားတဲ့ ဘတ်စကားလားလို့
တစ်ယောက်က လက်တို့မေးတော့
နေ့လယ်ခင်းကြီးမှုးနေတဲ့လူလို
သူ့ခြေလှမ်းတွေ မှားနေတာ
ဘေးလူတွေ မြင်သွားပေ့ါ။
အာခေါင်တွေခြောက်လိုက်တာ။
သံပုံးကိုကော်ခွက်နဲ့ ခေါက်ပြီးအော်ရောင်းတဲ့
ရေခဲရေတစ်ဆယ်ဖိုးသောက်ပြီး
ပြတင်းပေါက်ကမြင်ရတဲ့ တိမ်တွေကို ကြည့်နေမိတယ်။
သြော် . . . ငါမှားသွားပြီ
ဒါ ငမိုးရိပ်ချောင်းဖြတ်တဲ့ တံတားကြီးပဲ။
ရောက်ပါပြီ ရောက်ပါပြီ
မစ္စတာ ကားလ်ဒင်းနစ်ရေ
ကြိုစမ်းပါတော့
ကျုပ်ခြေထောက် မြေပေါ်ချလိုက်ပါပြီ။ ။

**ဇော်ထိန်**

## မီးအကြွင်း

ကိုယ့်လိပ်ပြာက
ဝင်ရိုးစွန်းသွားတဲ့ သူရဲကောင်း။
ဖိနပ်လို ကျွတ်ကျန်ခဲ့တဲ့ ကိုယ့်ရုပ်ကိုယ့်ခန္ဓာ
ကိုယ်ဟာ ဓားသွေးကျောက်ပဲ။
ကိုယ့်သမိုင်း ကိုယ်ရေးရတာ
လိပ်ပြာမသန့်ဘူး
ကိုယ့်နောက်ကျောလည်း ကိုယ်မယုံဘူး
ကျာပွတ်သံ တရွှမ်းရွှမ်းဟာ
အရိုးချင်းထပ်နေတဲ့ နေ့ထူးနေ့မြတ်လား။
တစ်ယောက်တည်းငွေ့ရည်ဖွဲ့လို့
တစ်ယောက်တည်း တစ်မျှော်တစ်ခေါ်
မသေရုံတမယ် စီးကရက်တစ်လိပ်ပဲ။
သားတစ်ကိုထိုးသုတ်တော့မယ့် ကျီးကန်းနှယ်
မိုးသားတွေ
ကိုယ့်ဘဝအပေါ် ချောင်းမြောင်းလို့။ ။

**ကြည်ဇော်အေး**

## မူဆယ်မြို့

လူတွေပျံ့သန်းနေကြပုံများ
စက်ဝိုင်းများ၊ ထောင့်မှန်များ၊ မျဉ်းဖြောင့်များ
မနေ့ကလို တြိဂံကျပုံများ။
စီးကရက် မီးခိုးငွေ့လို တောင်တန်းတွေကို ငေးမောရင်း
'တုံခါ' တစ်ခွက်၊ ရေစိမ်ခေါက်ဆွဲတစ်ပွဲ
ပြီးမှ
အလွမ်းမိုင်ရှစ်ရာကျော်တစ်ဘူး။
ရေမရှိလို့ မဖြစ်တဲ့ ကမ္ဘာကြီးမှာ
ယဉ်ကျေးမှုကို ရေလိုပဲ အမြဲတမ်းလိုအပ်ခဲ့။
သူ့နှလုံးသားကို ကိုယ်မြင်ခဲ့ရင်
ကိုယ့်နှလုံးသားကို သူပွတ်သပ်မိမှာပဲ။
ခေတ်ပေါ်အထပ်မြင့်တိုက်တွေလို
ယုံကြည်မှုဆိုတာနားလည်ခွင့်လွှတ်ခြင်းတွေနဲ့
တည်ဆောက်ပြီးမှ
မော့ကြည့်ရတဲ့တိမ်တွေကိုငုံ့ကြည့်။
ချယ်ရီတွေလှတယ်ဆိုတာ နှစ်ပေါင်းရာထောင်ချီပြီး သိပါတယ်။

**ပြေမြင့်**

## နာနာဘာဝစာအုပ်

ကလေးသင် ပထဝီဝင်စာအုပ်မှာ ငါဖတ်ခဲ့တယ်
လူ့သမိုင်းတစ်နံတစ်လျားမှာ ငါဖတ်ခဲ့တယ်
မှိုးမှုန်မှုန်နဲ့ သရက်ပင်အုပ်အုပ်မှာ ငါဖတ်ခဲ့တယ်
ပင်လယ်တစ်ကြော စုန်ဆန်မျောနေတဲ့ နှစ်ကာလတွေမှာ ငါဖတ်ခဲ့တယ်
မထွေးနိုင်မမျိုနိုင် အဖြစ်အပျက်တွေမှာ ငါဖတ်ခဲ့တယ်
စုံးစုံးနစ်တော့မယ့် ၂ မိနစ် အလိုမှာ ငါဖတ်ခဲ့တယ်
နတ်သမီးပုံပြင်နဲ့ ဂြိုဟ်တုသတင်းတွေမှာ ငါဖတ်ခဲ့တယ်
အကြောင်ရိုက်တတ်တဲ့ ကံကြမ္မာရဲ့ ထွေပြားမှုတွေမှာ ငါဖတ်ခဲ့တယ်
အပုပ်ခံဆေးနဲ့ စီရင်ထားတဲ့ ဘဝကွေ့ချိုးတွေမှာ ငါဖတ်ခဲ့တယ်
ခရမ်းရင့်ရောင် ကတ္တီပါကားလိပ်ရဲ့ တိုင်ဖုံးနောက်ကွယ်မှာ
ငါဖတ်ခဲ့တယ်။

ငါဖတ်ခဲ့ပါတယ်
ငါဖတ်ခဲ့တာတွေကတော့ အများကြီးမှ အများကြီး။

ခွင့်လွှတ်ပါ
အခု ပြန်ပြောပြဖို့ ကြိုးစားတော့
မကျွတ်လွတ်သေးတဲ့ နာနာဘာဝ ပြိတ္တာတစ်ကောင်လို
လူတွေကြားအောင်သိအောင် ငါ့မှာ လုပ်ဆောင်နိုင်စွမ်းမရှိ ဖြစ်ရတယ်။

**ခင်အောင်အေး**

# ဘုရားသခင်နဲ့ကပွဲ

အဲ့ဒီကပွဲမှာ
ဗုံနဲ့ကချေသည် ညှိထားတဲ့ တင်ဆက်မှုပါတယ်
ခံစားမှုနဲ့စကားလုံး ညှိထားတဲ့ ဖန်တီးမှုပါတယ်
ငွေကြေးနဲ့ ကုတ်အင်္ကျီ ညှိထားတဲ့ ယဉ်ကျေးမှုပါတယ်
တယောနဲ့ ညှိထားတဲ့ မီးလောင်မှုပါတယ်
ဝံပုလွေနဲ့ဒိန်ခဲ ညှိထားတဲ့ စားသောက်မှုပါတယ်
လိင်နဲ့ ဖဲချပ် ညှိထားတဲ့ ဆာလောင်မှုပါတယ်
ကျမ်းစာနဲ့ ကရုဏာတော် ညှိထားတဲ့ လူသတ်မှုပါတယ်

အဲဒီကပွဲမှာ
ငါနဲ့ တစ္ဆေတစ်ကောင် ညှိထားတဲ့ သဘောတူညီမှုပါတယ်။

အဲဒီကပွဲမှာ
ငါကအပြင်ဘက်မှာ ရပ်ကြည့်နေပြီး
တစ္ဆေတစ်ကောင်က ငါ့နေရာမှာ ဝင်ရောက်ကခုန်နေခဲ့ပေါ့။

အဲဒီကပွဲမှာ
ဘုရားသခင်နဲ့ ကမ္ဘာကြီး ညှိထားတဲ့ ဖုံးကွယ်မှုအားလုံး
ဖော်ထုတ်နိုင်ခဲ့တယ်။ ။

**ပိုင်**

# အတိဿယဝုတ္တိ အတ္ထုပ္ပတ္တိ

အင်း . . .
လူထုစိန်ဝင်း၊ မောင်မောင်ဇေယျတို့က
ညည်းတာ မကြိုက်ဘူးဗျ
သို့သော် . . .
ခေတ်ပေါ်ကဗျာဆိုတာ ညည်းချင်းတစ်မျိုးပဲ
(ကျွန်တော်ထင်တာနော် . . . )

၁။ ရေထဲထိုးစိုက်ကျ
ဂျပန်စစ်လေယာဉ်ပျက်တစ်စင်းက
ကျွန်တော်လာခဲ့တယ်လို့
ကျွန်တော့်အမေကို ကျွန်တော်က အိပ်မက်ပေးသတဲ့
ဟုတ်လိမ့်မယ် . . .၊ အဲဒီအကုသိုလ်ကြောင့်
ဒီဘဝမှာ ဆင်းရဲနေတာလား။

၂။ ငွေငါးသောင်းတစ်ခါမှ မကိုင်ဖူးဘူး
နေ့စဉ်ထမင်းအိုးအမြှောက်နဲ့ ပစ်ချရတယ်။

၃။ စာရေးရင် Professional ရေး
အပျော်တမ်းရေးရင် ရှင်အပျော်တမ်းပဲ ဖြစ်နေမှာပေါ့လို့
မြို့သူတစ်ယောက်က အပြောမှာ . . .
တောသားတစ်ယောက်က ဟားလေရဲ့ . . .။

၄။ တိုင်းပြည်ကြီး ရွှေတိုင်းပြည်ဖြစ်အောင်
ပြည်သူလူထု ငွေလူထုဖြစ်အောင်
စိုးမြင့်သိန်းက
လွတ်လပ်ရေးကျောက်တိုင်ကြီးကို ကလောင်လုပ်ရေးနေတာ . . .။

၅။ သတ္တိနဲ့ သိုင်းပညာမှာတော့
ခားငါးလက်နဲ့ လူဆိုးကို
အရိုးတခြား အသားတခြား ဝါးစားပစ်လိုက်မယ်
(ကိုယ်ရည်သွေးတီးလုံးအမှတ် ၅၆)

၆။ လောကကြီးမှာ
ကိုယ်ရည်သွေးတဲ့လူချည်းပါပဲဗျာ . . .
ရွှေဥဒေါင်း၊ ဒဂုန်တာရာ၊ ပါရဂူ၊ မောင်သာနိုး၊
ဒေါက်တာသန်းထွန်း၊ အောင်ဝေး
ကိုယ်ရည်သွေးတတ်မှလည်း စာရေးဆရာဖြစ်တာ . . .
(ငြင်းနိုင်ရင် ငြင်းစမ်းပါ)

၇။ အဇာတ်မျိုးပုံးနဲ့ ထုတာတောင်
ပိုးဟပ်ဆိုတဲ့ကောင်က မသေဘူးဗျ
ဖုဋ္ဌသလောက ခမ္မေဟိ . . .၊ ဂါထာအမြဲငါရွတ်၏။

၈။ အယ်ဒီတာတွေ မျက်နှာကြီးရာ ဟင်းဖတ်ပါလွန်းလို့
ပြင်သစ်မှာသွားပြီး ပလတ်စတစ်ဆာဂျရီ အကြီးကြီးလုပ်ခဲ့
ဟုတ်ကဲ့ ဒီကဗျာပါမှာသေချာ . . .၊ ဟဲ ဟဲ။ ။

**စိုးမြင့်သိန်း**

## ဘဂ္ဂဒက်သားကဗျာဆရာ

(က)
သဲနွံတောကို ခေါင်းအုံးလို့
ကဗျာရေးဖို့ လူဖြစ်လာသူ။
ခါးသီးနာကျင်မှုနဲ့သာ
ခရီးသွားခဲ့ရသူ လူငယ်တစ်ယောက်
သူ့သမိုင်းသူ ခွဲစိတ်မိတိုင်း
မငိုမိအောင် ထိန်းချုပ်ရင်းက
အလိုလိုစီးကျလာတဲ့ မျက်ရည်များ
အပေါက်ကွဲဆုံး
အကျယ်လောင်ဆုံး
အပြင်းထန်ဆုံး ဝေဒနာတွေနဲ့
သူ့ချစ်ခြင်းဟာ ပုံးအကြွခံခဲ့ရ။

(ခ)
တိမ်စိုင်တွေလို
မြို့ရဲ့လမ်းတွေပေါ် မျောလွင့်ရင်း
မှော်ဆန်တဲ့ မင်းနာမည်ကို အော်ခေါ်နေမိတယ်
ဘဂ္ဂဒက်။
တို့မျက်ရည်စက်တွေကို
အိုးခွက်ပန်းကန်တွေဆေးကြောဖို့ စုဆောင်းထားတယ်လား
ဘဂ္ဂဒက်။
ဆေးရုံ၊ စာသင်ခန်း၊ ဝတ်ပြုဆုတောင်းပွဲနဲ့ မိဘမဲ့ဂေဟာများ
သေပန်းတွေမတရားပွင့်တယ်
ဘဂ္ဂဒက်။
ရှေ့ကဖုံး နောက်ကပေါ်
ဘယ်သူဘယ်ဝါဟာ
လရောင်ကို စနစ်တကျ ဖျက်ဆီးခဲ့သလဲ

ဘဂ္ဂဒက်။
စိတ်လည်း
ဒီ့ထက်လေစရာမရှိဘူး
စွန်ပလွန်ပင်တွေလည်း
ဒီ့ထက်သေစရာမရှိဘူး
ဘဂ္ဂဒက်။
ပါကင်ကိုဘယ်လိုဖွင့်ဖွင့်
အလံကိုဘယ်ပုံလွှင့်လွှင့်
မြင်းမိုရ်တောင်ဖြိုမယ့်မာန်မျိုးနဲ့
ခါးမသန်သူမဖြစ်လိုပါ
ဘဂ္ဂဒက်။
အိုး . . . ဘဂ္ဂဒက်
ငါတို့ဘာအတွက် အသက်ရှင်သလဲ
မမေးနဲ့။
ကဗျာမဲ့တဲ့နေ့ဟာ
ကမ္ဘာမဲ့တဲ့နေ့လို့ ယုံတယ်
ဘဂ္ဂဒက်။
ဘဂ္ဂဒက် . . . ဘဂ္ဂဒက်
ဘဂ္ဂဒက် . . . ဘဂ္ဂဒက်။

(ဂ)
အပေါက်ကွဲဆုံး
အကျယ်လောင်ဆုံး
အပြင်းထန်ဆုံးဝေဒနာတွေနဲ့
သူ့မေတ္တာဟာ
နောက်တစ်ကြိမ် နောက်တစ်ခါ ဖုံးအကြဲခံခဲ့ရ။

**နွယ်စိမ်းဝေ**

# ဒိုင်နိုဆောနှင့်တွေ့ဆုံခြင်း

ကျွန်တော်ပြောတယ်
ကျွန်တော့်ညစာဟာ ပလက်ဖောင်းလို မာကျောတယ်လို့
ကျွန်တော့်ခြေထောက်က အမြဲတမ်းစိုစွတ်နေတာပဲလို့
ကျွန်တော့်ဆံပင်က အထီးကျန်မီးတောက်များ ဒီဇိုင်းပေါ့လို့
အခုခေတ် အိမ်တွေမှာ မီးလင်းဖို မရှိကြတော့ဘူးလို့
ဆောင်းကဘယ်တော့ ကုန်မှာလဲလို့
နွေကဘယ်တော့ပေါက်မှာလဲလို့ . . .

(ဆရာဝန်က
ကျွန်တော့်ဇာတ်မှန်ကို နားမလည်ဘူး)
ကျွန်တော်က
စမ်းချောင်းလေးလို ဖောက်ထွင်းမြင်ရတဲ့
သဘာဝတရားကိုချစ်တယ်
မမြင်ရတဲ့ တန်ခိုးရှင်လို ခေါင်းပေါ်က
ငြိုပ်တုတွေကို မုန်းတယ်
ထိုအချစ် ထိုအမုန်းများကို
ကဗျာအဖြစ်ဖွဲ့ဆိုချင်ပါတယ်လို့
ကျွန်တော်ပြောခဲ့တယ်။ ။

**ဝေးခေါင်**

# လူလတ်တန်းစားသောကများနှင့် တနင်္ဂနွေနေ့ကို ရင်ဆိုင်ခြင်း

ငါမဖတ်ရသေးတဲ့ သတင်းစာတစ်စောင်အတွက်
ငါမရောက်ဖူးသေးတဲ့ နိုင်ငံအတွက်
ကိုယ်မှာ စွဲကပ်နေတဲ့ အလုပ်လက်မဲ့ရောဂါအတွက်
စောင့်နေကျ ဘတ်စကား မှတ်တိုင်အတွက်
တနင်္ဂနွေနေ့တစ်နေ့
ငါ့ရှေ့ရောက်လာတယ်
ဘာပဲဖြစ်ဖြစ်
လူ့ဘဝက
ဘာမှမရှိတဲ့ မြို့ကြီးတစ်မြို့နဲ့တူတယ်
ငါနေတဲ့ဘန်ဂလိုက
စစ်ဘေးစစ်ဒဏ်ခံနေရတဲ့ တောင်ကုန်းတစ်ခုလို
အီရတ်ကိုကြည့်ပြီး
သံဝေဂရတယ်
အဲဒီနေ့ကလူခြေတိတ်လို့
လမ်းဓာတ်မီးတွေလည်း မှိတ်လို့
အားလုံးပြီးသွားမှာပါတဲ့
လွယ်လွယ်ကလေး ကောက်ချက်ချတယ်
ဘာပဲဖြစ်ဖြစ်
လူဆိုတာ အခြေအနေတွေပေါ် တည်ပြီး
စက်ရုပ်တစ်ရုပ်လည်း ဖြစ်သွားနိုင်တယ်
ရဟန္တာလည်းဖြစ်သွားနိုင်တယ်
ပွဲစားလည်းဖြစ်သွားနိုင်တယ်
ဘာပဲဖြစ်ဖြစ် ။ ။

**စေတ**

## ငါး

ဒီဘဝအပြင်
ဘယ်ဘဝက ပိုကောင်းဦးမလဲ။
မရွေ့မလျား
ငါတို့ငြိမ်သက်နေတာ ငါတို့ကူးခပ်ခြင်း။
အပြေးအလွှား
စိတ်ကိုလျှော့လည်း
ကိုယ်ကပေါ့မသွား။
တကယ်တမ်း
ရေကိုထမ်းထားရသော ပွင့်ချပ်က တစ်ဖက်တည်း။ ။

**ခင်ဇော်မြင့်**

## မုဆိုးမရင်ထဲကမြစ်

ညနေခင်းထဲ
ကလေးငိုသံ ထမင်းရည်သွန်ချ။
ဖွာရရာဆံနွယ်ပေါ်
ပန်းပွင့်မဲ့တွန့်ကြေကြေစိတ်ကူး
အထီးကျန်အိပ်ရာဝင်ခြင်းညများနဲ့
တစ်ရေးနိုးအမှောင်ထဲ မျက်ရည်ရွှဲ
သဲ့သဲ့ရှိုက်သံနဲ့ ညကို ထိုင်ကြည့်နေတော့တယ်။
တဖြည်းဖြည်း
အလှဆုတ်ယုတ်လာတဲ့ သနပ်ခါးမဲ့ပါးပြင်ပေါ်
ရင်ထဲက ငယ်ချစ်လေ
အလွမ်းမြစ်ကလေးပေါ့။ ။

**အောင်နှင်းသစ်**

## လွယ်အိတ်

လွယ်အိတ်ထဲမှာ
ကုန်လုပ်ဆက်ဆံရေး
အပိုတန်ဖိုး ထုတ်လုပ်မှု
မီးခိုးနဲ့သွေးကြောတွေရဲ့
အနာဂတ်တွေရှိတယ်
မြေဖြူပေတဲ့ ‘လက်’တွေက
ကမ္ဘာကြီးတစ်ခုလုံးကို
လွယ်အိတ်ထဲထည့်ပေးလိုက်တယ်
လွယ်အိတ်ကို လွယ်ရတာ
လွယ်ကူသလောက်
လွယ်အိတ်ထဲက ပစ္စည်းတွေကို
ထိန်းရသိမ်းရတာ ခက်တယ်
ခုတော့ . . .
(လူတိုင်းလွယ်အိတ်ကိုယ်စီနဲ့)
ကျွန်တော့်လွယ်အိတ်ကို
နှိုက်ကြည့်လိုက်တော့
အေသင်မြို့က နာရီပျက်တစ်လုံး။ ။

**လှိုင်းထက်**

## ရိုးရိုး မျဉ်းပါးပါးလေး တစ်ကြောင်း

ရိုးရိုးလေးပါ
ချစ်သူတို့ စွန့်ခွာတဲ့ခါ
ငါ့မှာ ယုံကြည်မှုတို့ ပြိုဆင်းသွား
မှတ်မှတ်သားသား မြို့နှစ်ခါပျက်ခဲ့
အဝေးမှာသာတဲ့လကို လွမ်းရတာထက်
ရင်ထဲမှာထွန်းထားတဲ့ ကြယ်ကလေး ပျံသန်းသွားတဲ့အခါ
မြစ်ကြောင်းများ ကျိုးပြတ်လုခမန်းပဲ
အစီအစဉ်မဲ့ စာမျက်နှာတွေ ခပ်ဖြန်းဖြန်းလှန်လှော့ရ
စကားဖြူပြင်ခြေရင်းက ဖိနပ်ဖြူဖြူလေးတစ်ရံ
ညီမလေးက ပြန်မဆင်းလာခဲ့ဘူး
ရန်နံ့တွေ ခူးမဝ ဖြစ်နေခဲ့ပုံ။

သီချင်းတွေနဲ့မှ လင်းရတဲ့ ညကလေးပါ
မကဗျာတော့ရင်လည်း အိပ်မက်တွေထဲ ဖွဲ့ဆင်းရမှာ
ငါ နှုတ်သီးတုံးတုံးနဲ့ ငှက်တစ်ကောင်ဘဝ
လေကို မြနေအောင် မချွန်နိုင်ခဲ့
တိုင်သံအောင်အောင် မပေးနိုင်ခဲ့
ခပ်ဝေးဝေးနွေဦးဆီ ခပ်နွေးနွေးသာ ပျံနိုင်ခဲ့
အဝါတစ်ဆနဲ့ အပြာတစ်ဆ၊ သန့်ရှင်းလှပတဲ့ အစိမ်းရောင်က ငါ့လိုဂို
ပုန်းခိုစရာ ခြုံပုတ်တောတန်းမလို
စိုလဲ့ပြာတဲ့ ကောင်းကင်ထက်မှာ
အလံနှစ်လက် ရွက်နှစ်ထည်နဲ့ပ
အပြာရောင်က မေတ္တာ
အဝါရောင်က ပညာ
ဒီဇိုင်းမှာလည်း ရိုးရိုး သင်္ကေတလည်း ရိုးရိုး
ဟောင်းပေမယ့် မသိုးတဲ့ နှစ်ချို့ဝိုင်ကွဲ့။

သူတို့ရဲ့ သုညနဲ့ တစ်,တွေဟာ
ခြေလှမ်းတာ မြန်ဆန်၊ အလေးဝန် ပေါ့ပါး
ကမ္ဘာကုန်ကျယ်သရွေ့ သွားလာလို့
ခြေထောက်ပေါင်း ငါးရာပါသတဲ့
ငါ့မှာ ချည်တိုင်မြဲတဲ့ အရိပ်တစ်ခုနဲ့
သူ ၁၈၀ ဒီဂရီလှည့်ဖို့ တစ်နေ့တာကြာမယ်
ချစ်သူတစ်ယောက်ကို မေ့ပစ်နိုင်ဖို့ ရက်တစ်သိန်းကြာမယ်
အချိန်ဆိုတာ ဖယ်ထားခဲ့ရင်
စကားပင်ပေါ် တက်သွားတဲ့ ညီမလေးဟာ
တစ်မပါတဲ့ သုညရိုးရိုးတွေ စီခင်းထားတဲ့
မျဉ်းတန်းပါးပါးလေးတစ်ကြောင်း
ငါ့ရင်ထဲ ဟောင်းမသွားနိုင်တာက လွဲလို့ပေါ့။ ။

**မောင်လင်းရိပ်**